# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# စတုတ္ထပုံမှန်အစည်းအဝေး
# ပထမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း | ၁ |
| ၂ | တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင်လက်မှတ်ရေးထိုးခြင်း။ | ၂ |
| ၃ | ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊ | ၃ |
| ၄ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း၊ | ၃ |
| ၅ | အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ယူခြင်း၊ | ၃ |
| ၆ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ | ၅ |
| ၇ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေးနှင့် စတုတ္ထပုံမှန် အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့်မှတ်တမ်းတင်ခြင်း | ၇ |
| ၈ | (က) ဒေါ်သန္တာ၊ အိမ်မဲမဲဆန္ဒနယ်၏ ယခုနှစ်မိုးရာသီတွင် ရေနစ်မြုပ်ခဲ့သည့်ဒေသများရှိပျက်စီးခဲ့သောလယ်ယာများအတွက် မျိုးစပါးများ ကူညီခဲ့သော်လည်း စိုက်ပျိုးချိန်မမီတော့သည့် တောင်သူလယ်သမားများကို ဆောင်းသီးနှံနှင့် နွေစပါးတို့အတွက် မျိုး(စပါး) ကူညီပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊ | ၈ |
| ၉ | (ခ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွင်း မြစ်ရေကြီးမှုကြောင့် တောင်သူလယ်သမားများ၏ | ၁၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | လယ်ယာမြေများ နစ်မြုပ်ပျက်စီး ဆုံးရှုံးခဲ့မှုအပေါ် နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေရန်ပုံငွေမှ သီးသန့် ရန်ပုံငွေအဖြစ် ထောက်ပံ့ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | |
| ၁၀ | (ဂ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၏ စေတုတ္တရာ မြို့နယ်၊ မုံညင်းကျေးရွာမှ ကြီးအုံကြီးဂတမံလမ်းသို့ နွေ၊ မိုး၊ ဆောင်း သွားလာနိုင်သည့် မြေသားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၅ |
| ၁၁ | (ဃ) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၏ ရပ်စောက်မြို့ နယ်၊ အင်းခေါင်း ရေထွက်ရေကန်၏ နုန်းတာတမံ ကန်ပတ်လမ်း များ တည်ဆောက်ခြင်း၊ ရေဆိုးထုတ်မြောင်းများ တည်ဆောက်ခြင်း၊ နုန်းထုတ်မြေတူးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် လိုအပ်နေသော ရန်ပုံငွေများ ခွင့်ပြုဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၈ |
| ၁၂ | (င) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သားမဲဆန္ဒနယ်၏ မြစ်သားမြို့ ဘေးကပ်လျက်ရှိ စမာရေလွှဲဆည်အား အပြီးတိုင်ဖျက်သိမ်းရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၁ |
| ၁၃ | (စ) ဦးဌေးမင်းသိန်း၊ ကြို့ပင်ကောက် မဲဆန္ဒနယ်၏ တင်ဒါ အောင်မြင် ပြီးသော ကန်ထရိုက်တာများအနေဖြင့် လုပ်ငန်းအခြေ အနေများကို ပြန်လည်ညှိနှိုင်းခွင့် ရှိ၊ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊ | ၂၈ |
| ၁၄ | ဦးသိန်းထွန်း၊ သာပေါင်း မဲဆန္ဒနယ်က ပြည်ထောင်စု မြန်မာ နိုင်ငံတော်အတွင်း လွန်ခဲ့သော နှစ်(၈၀)ကျော်ကပင် ပြင်ဆင် သတ်မှတ်ခြင်းမပြုဘဲ စည်းကြပ်ကောက်ခံလျက်ရှိသော မြေခွန်နှုန်း ထားများအပြင် ရေခွန်၊ တာတမံခွန်များကိုလည်း စျေးကွက် | ၃၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | စီးပွားရေးနှင့်အညီ ပြောင်းလဲချိန်တန်ပြီဖြစ်၍ နိုင်ငံတော်ရှိ တောင်သူလယ်သမားများ ဝန်ထုပ်ဝန်ပိုး မဖြစ်စေသော အခွန်နှုန်းထားများကို ပြင်ဆင်သတ်မှတ်၊ စည်းကြပ်ကောက်ခံရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း။ | |
| ၁၅ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော (ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင် သည့် ဥပဒေကြမ်း)ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊ | ၃၇ |
| ၁၆ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၄၁ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

## ပထမနေ့ အစီအစဉ်

## [ ၃၀–၁–၂၀၁၇ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

၃။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း၊

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊

၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးနှင့် စတုတ္ထပုံမှန် အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း–

(က) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့၏ ၂၁–၁–၂၀၁၇ မှ ၂၇–၁–၂၀၁၇ ရက်နေ့အထိ ဗြိတိန်နိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေး ခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၈–၁–၂၀၁၇ မှ ၂၁–၁–၂၀၁၇ ရက်နေ့အထိ လာအိုနိုင်ငံသို့ သွားရောက်ခဲ့သည့် လေ့လာရေး ခရီးစဉ်၊

၈။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဒေါ်သန္တာ၊ အိမ်မဲ မဲဆန္ဒနယ်၏ **ယခုနှစ်မိုးရာသီတွင် ရေနစ်မြုပ်ခဲ့သည့် ဒေသများရှိ ပျက်စီးခဲ့သော လယ်ယာများအတွက် မျိုးစပါးများ ကူညီခဲ့သော်လည်း စိုက်ပျိုးချိန်မမီတော့သည့် တောင်သူလယ်သမားများကို ဆောင်းသီးနှံနှင့် နွေစပါးတို့အတွက် မျိုး(စပါး) ကူညီပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွင်း မြစ်ရေကြီးမှုကြောင့် တောင်သူလယ်သမားများ၏ လယ်ယာမြေများ နစ်မြုပ်ပျက်စီး ဆုံးရှုံးခဲ့မှုအပေါ် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေရန်ပုံငွေမှ သီးသန့်ရန်ပုံငွေအဖြစ် ထောက်ပံ့ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၏ **စေတုတ္တရာမြို့နယ်၊ မုံညှင်းကျေးရွာမှ ကြီးအုံကြီးဝတမံလမ်းသို့ နွေ၊ မိုး၊ ဆောင်း သွားလာနိုင်သည့် မြေသားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၏ **ရပ်စောက်မြို့နယ်၊ အင်းခေါင်း ရေထွက် ရေကန်၏ နန်းတာတမံ ကန်ပတ်လမ်းများ တည်ဆောက်ခြင်း၊ ရေဆိုးထုတ်မြောင်းများ တည်ဆောက်ခြင်း၊ နန်းထုတ်မြေတူးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် လိုအပ်နေသော ရန်ပုံငွေများ ခွင့်ပြုဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၏ **မြစ်သားမြို့ ဘေးကပ်လျက်ရှိ စမာရေလွှဲဆည်အား အပြီးတိုင်ဖျက်သိမ်းရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဌေးမင်းသိန်း၊ ကြို့ပင်ကောက် မဲဆန္ဒနယ်၏ **တင်ဒါအောင်မြင် ပြီးသော ကန်ထရိုက်တာ Company များအနေဖြင့် လုပ်ငန်းအခြေအနေ များကို ပြန်လည်ညှိနှိုင်းခွင့် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၉။ ဦးသိန်းထွန်း၊ သာပေါင်း မဲဆန္ဒနယ်က **"ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်း လွန်ခဲ့သော နှစ်(၈၀)ကျော်ကပင် ပြင်ဆင်သတ်မှတ်ခြင်းမပြုဘဲ စည်းကြပ်ကောက်ခံလျက်ရှိသော မြေခွန်နှုန်းထားများအပြင် ရေခွန်၊ တာတမံခွန်များကိုလည်း ဈေးကွက်စီးပွားရေးနှင့်အညီ ပြောင်းလဲချိန်တန်ပြီ ဖြစ်၍ နိုင်ငံတော်ရှိ တောင်သူလယ်သမားများ ဝန်ထုပ်ဝန်ပိုး မဖြစ်စေသော အခွန်နှုန်းထားများကို ပြင်ဆင်သတ်မှတ်၊ စည်းကြပ်ကောက်ခံရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း။

၁၀။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ် ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၁။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# ပထမနေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်**

**(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ကျွန်တော် ဦးတင်ဝင်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။
**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။
**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက် ရက်စွဲပါကြေညာချက်အမှတ်(၂/၂၀၁၇)အရ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦး အစားထိုးပြောင်းလဲထားတာရှိပါတယ်။ ဒါကြောင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦးအနေဖြင့် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ)အရ ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ယခုကတိသစ္စာပြုရမယ့် ကိုယ်စားလှယ်များ မိမိစားပွဲပေါ်ရှိ ကတိသစ္စာပြုလွှာကို ယူဆောင်ပြီး စင်မြင့်ရှေ့သတ်မှတ်ထားတဲ့နေရာမှာ နေရာယူပေးရန်ဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာကို တိုင်ပေးတဲ့အခါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦးက လိုက်ဆိုဖို့ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကတိသစ္စာပြုချက်-

[ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ တပ်မတော်သားကိုယ်စားလှယ် ၅ ဦး က ကတိသစ္စာပြုပါသည်။]

"ကျွန်ုပ် --------------- သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**ဥက္ကဋ္ဌ**။ ။ အားလုံးထိုင်နိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ကတိသစ္စာပြုပြီးတဲ့ ကိုယ်စားလှယ် ၅ ဦးသည် မိမိတို့အတွက် သတ်မှတ်ထားတဲ့နေရာသို့ ပြည်လည်နေရာယူကြရန်နှင့် ဥက္ကဋ္ဌ၏ရှေ့မှောက်တွင် တပ်မတော်သား ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြုလွှာပေါ်၌ မိမိရဲ့အမည်၊ ရာထူးကိုရေးသား၍ လက်မှတ်ရေးထိုးပြီး အစည်းအဝေးအပြီးမှာ ပြည်သူ့လွှတ်တော်ရုံးသို့ ကတိသစ္စာပြုလွှာကို အပ်နှံကြရန် ဖြစ်ပါတယ်။ ပြန်လည်ထွက်ခွာနိုင်ပါပြီ။

[ကတိသစ္စာပြုသည့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦး၏ အမည်စာရင်းအား နောက်ဆက်တွဲ(က)အဖြစ် ဖော်ပြအပ်ပါသည်။]

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၉၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၇၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွား

**မူကြမ်း**

မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၉၅ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၁ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၅ ရက်၊
(၂) တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၅ ရက်၊
(၃) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၂ ရက်၊
(၄) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊
(၅) တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်(ခ)ဦးအောင်ပွင့် ခွင့် ၃ ရက်၊
(၆) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၅ ရက်၊
(၇) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း ခွင့် ၁ ရက်၊
(၈) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး ခွင့် ၅ ရက်၊
(၉) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊
(၁၀) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၅ ရက်၊
(၁၁) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်တင်လင်း ခွင့် ၁ ရက်၊
(၁၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမိုးမြင့်အောင် ခွင့် ၅ ရက်၊
(၁၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦး ခွင့် ၅ ရက်၊
(၁၄) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၁ ရက်၊
(၁၅) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းစန်သိန်း ခွင့် ၅ ရက်၊
(၁၆) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၅ ရက်၊
(၁၇) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း ခွင့် ၅ ရက်၊
(၁၈) ကျောက်မဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင် ခွင့် ၅ ရက်၊
(၁၉) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၅ ရက်၊
(၂၀) သီနွီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း ခွင့် ၅ ရက်၊
(၂၁) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊
(၂၂) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း ခွင့် ၄ ရက်၊
(၂၃) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၃ ရက်၊

**မူကြမ်း**

(၂၄) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၃ ရက်၊

(၂၅) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၃ ရက်၊

(၂၆) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၁ ရက်၊

(၂၇) တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန် ခွင့် ၄ ရက်၊

(၂၈) ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို ခွင့် ၃ ရက်၊

(၂၉) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၃ ရက်၊

(၃၀) အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး ခွင့် ၃ ရက်နှင့်

(၃၁) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၅ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအားခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ခွင့်ပန်ကြား၍ လွှတ်တော်ကခွင့်ပြုထားသူ ၃၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြု မှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နှစ်သစ်မှာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကိုယ်စားလှယ်များ

အားလုံး ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝကြပြီး ဒီမိုကရေစီခရီးလမ်းဖြောင့်ဖြူးကြပါစေကြောင်း ဆုတောင်းအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ စတင်ကျင်းပတဲ့ စတုတ္ထ ပုံမှန်အစည်းအဝေးကာလအတွင်းမှာ ဆွေးနွေးကြရမယ့် ဥပဒေကြမ်းများအနေနဲ့ တတိယပုံမှန်အစည်း အဝေးပြီးဆုံးချိန်မှာ ကျန်ရှိတဲ့ဥပဒေကြမ်း ၁၀ ခုနဲ့ ထပ်မံရောက်ရှိတဲ့ဥပဒေကြမ်းနှစ်ခုအပါအဝင် စုစုပေါင်း ဥပဒေကြမ်း ၁၂ ခုရှိပါတယ်။ ဆောင်ရွက်ရန် ကျန်ရှိတဲ့ဥပဒေကြမ်းများအနက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က တင်သွင်းတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယ အကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက တင်သွင်းတဲ့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနဲ့ ထပ်မံ ရောက်ရှိလာမယ့် ဥပဒေကြမ်းတို့ကို ဆောင်ရွက်ကြဖို့ရှိပါတယ်။ အဆိုများအနေနဲ့ တတိယပုံမှန် အစည်းအဝေးမှာ တင်သွင်းခဲ့ပြီး ဆွေးနွေးရန် ကျန်ရှိတဲ့အဆိုလေးခုနဲ့ အသင့်ဖြစ်အဆို ၁၀ ခုရှိတဲ့ အတွက် ဆက်လက်ဆောင်ရွက်ရန် ကျန်အဆိုစုစုပေါင်း ၁၄ ခု ဖြစ်ပါတယ်။ မေးခွန်းများအနေနဲ့ တတိယပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးသို့ ပြောင်းရွှေ့မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်း ၁၀၃ ခု ရှိပါတယ်။ အသင့်ဖြစ် ကြယ်ပွင့်ပြမေးခွန်းများအနေနဲ့ ၁၂၂ ခုရှိပါကြောင်း အသိပေးတင်ပြလိုပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ကာလဟာ အမျိုးသားရေးရည်မှန်းချက် ပန်းတိုင်ဖြစ်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရေးအတွက် အလေးထားကြိုးပမ်း ဆောင်ရွက်နေဆဲကာလဖြစ်လို့ လွှတ်တော်ကိုယ်စားလှယ်များကလည်း ဥပဒေပြုရေးမဏ္ဍိုင်ကို ကိုယ်စားပြုပြီး ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ လွှတ်တော်များရဲ့ သဘောသဘာဝအတိုင်း သဘောကွဲလွဲခြင်း၊ အမြင်မတူခြင်းတွေရှိကြပေမယ့်လည်း မိမိတို့အားလုံးဟာ အမျိုးသားအကျိုးစီးပွားကိုရှေးရှု၍ ဆွေးနွေးညှိနှိုင်းကြပြီး စည်းလုံးညီညွတ်စွာ ဆုံးဖြတ်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ကြမယ့် ခရီးလမ်းရဲ့အရေးကြီးဆုံးအရွေ့တစ်ခုဖြစ်တဲ့ ထာဝရငြိမ်းချမ်းရေးရရှိနိုင်ဖို့ အတွက် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးက ငြိမ်းချမ်းရေးအတွက် စုပေါင်းဆွေးနွေး အဖြေရှာနေကြတဲ့ကာလမှာ ကျွန်တော်တို့ ကိုယ်စားလှယ်များအနေနဲ့လည်း အချင်းချင်းစိတ်ဝမ်း ကွဲပြားစေမယ့်၊ အထင်အမြင်လွဲမှားစေမယ့် အပြုအမူ အပြောအဆိုတွေကို သတိပြုရှောင်ရှားကြစေ

လိုပါတယ်။ လွှတ်တော်မှာ တင်သွင်းတဲ့မေးခွန်းတွေ၊ အဆိုတွေ၊ ဥပဒေကြမ်းတွေဟာလည်း နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့၊ ပြည်သူ့အတွက် လူမှုစီးပွားဘဝမြှင့်တင်နိုင်ဖို့နဲ့ မိမိတို့လူ့အဖွဲ့အစည်း စည်းလုံးညီညွတ်ဖို့ကို အမြဲဦးထိပ်ပန်ဆင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အမျိုးသား စီမံကိန်းဥပဒေနဲ့ ၂၀၁၇ ခုနှစ် ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း၊ ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းများကို ကန့်သတ်ကာလအတွင်းမှာ အချိန်မီပြီးစီးအောင် ဆွေးနွေးကြရမယ့် တာဝန်တွေလည်း ရှိနေကြပါတယ်။ ဒီလိုဆွေးနွေးကြတဲ့အခါမှာ နိုင်ငံနဲ့ ပြည်သူလူထု အကျိုးစီးပွားဖြစ်ထွန်းစေမယ့်စီမံကိန်းများကို စိစစ်လေ့လာကြရန် လိုအပ်ပါတယ်။ ယင်းစီမံကိန်းများ လုပ်ဆောင်နိုင်ဖို့အခက်အခဲမဖြစ်စေရန် လိုငွေများမရှိသင့်သလို ယင်းစီမံကိန်း များတွင် ငွေပိုငွေလျှံများလည်းမရှိအောင်လည်း စိစစ်သင့်ပါတယ်။ ထို့အပြင် ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာငွေကြေးများကိုလည်း အမှန်တကယ်ကုန်ကျနိုင်မယ့် အနီးစပ်ဆုံးခန့်မှန်း တွက်ချက်မှုများဖြစ်စေလိုပါတယ်။ မိသားစုတွင် ဝင်ငွေထွက်ငွေဟာ အရေးကြီးသလို ကျွန်တော်တို့ ပြည်ထောင်စုတွင်လည်း ဘဏ္ဍာငွေအရနှင့်အသုံးဟာ အလွန်အရေးကြီးပါတယ်။ လေလွင့်ဆုံးရှုံးမှု တွေ၊ ငွေယိုငွေပေါက်တွေမရှိအောင် ဂရုစိုက်သင့်ကြပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပီသစွာ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ဆက်လက်ကြိုးပမ်းထမ်းဆောင်ကြဖို့ ပြောကြားရင်း နှုတ်ခွန်း ဆက်သလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးနှင့် စတုတ္ထပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပ ခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေး တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးနှင့် စတုတ္ထပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အောက်ပါပြည်ပခရီးစဉ်များကို သွားရောက်ခဲ့ပါ တယ်။ ခရီးစဉ်များကတော့ -

(က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ ၂၁-၁-၂၀၁၇ မှ ၂၇-၁-၂၀၁၇ ရက်နေ့အထိ ပြင်သစ်နိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်။

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ ၁၈-၁-၂၀၁၇ ခုနှစ်မှ ၂၁-၁-၂၀၁၇ ရက်နေ့အထိ လာအိုနိုင်ငံသို့ သွားရောက်ခဲ့သည့် လေ့လာရေးခရီးစဉ်တို့ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့ ခရီးစဉ်များကို မှတ်တမ်းတင်ထားရှိသွားမှာဖြစ်ပါတယ်။

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ယခုနှစ်မိုးရာသီတွင် ရေနစ်မြုပ်ခဲ့သည့် ဒေသများရှိ ပျက်စီးခဲ့သော လယ်ယာများအတွက် မျိုးစပါးများ ကူညီခဲ့သော်လည်း စိုက်ပျိုးချိန်မမီတော့သည့် တောင်သူလယ်သမားများကို ဆောင်းသီးနှံနှင့်နွေစပါးတို့အတွက် မျိုး(စပါး)ကူညီပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ အိမ်မဲမဲဆန္ဒနယ်က ဒေါ်သန္တာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်သန္တာ(အိမ်မဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံတစ်ဝန်းလုံး ရေကြီးမှုကြောင့် စပါးနှင့်အခြားသီးနှံတွေ ပျက်စီးဆုံးရှုံးခဲ့ရတဲ့အချိန်မှာ မေးတဲ့မေးခွန်းဖြစ်ပါတယ်။ သို့သော် ကျွန်မတို့မြန်မာနိုင်ငံ အထက်ပိုင်းရော၊ အောက်ပိုင်းဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီးရော နှစ်စဉ်လို အချိန်အခါရော၊ အချိန်အခါမဟုတ်ရော ရေကြီးမှုကြောင့် ခဏ ခဏကောက်ပဲသီးနှံတွေ ပျက်စီးနေရမြဲဖြစ်တဲ့အတွက် ဒီမေးခွန်းဟာ အချိန်ရော၊ အခါရော အမြဲတမ်း သင့်တဲ့မေးခွန်းလည်းဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ နှစ်စဉ်နှစ်တိုင်းလိုလို ဇွန်၊ ဇူလိုင်လ လောက်မှာ အများဆုံးဖြစ်တတ်ပြီး မြန်မာနိုင်ငံရဲ့အထက်ပိုင်းဒေသတွေမှာ မိုးကြီးရေလျှံဖြစ်ပေါ်မှုတွေ

ဟာ တဖြည်းဖြည်းအောက်ပိုင်းဒေသဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီးကို နောက်ဆုံးရောက်ရှိလာခဲ့ပါတယ်။ ရေကြီးနစ်မြုပ်မှုကြောင့် မြန်မာပြည်အထက်ပိုင်းရော၊ အောက်ပိုင်းရော ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်နဲ့ စာဝတ်နေရေးတွေ ထိခိုက်ခဲ့ရသလို အဓိကစိုက်ပျိုးရေးကို အခြေခံမှီတည်နေတဲ့ ကျွန်မတို့နိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းကျော်သော တောင်သူလယ်သမားတွေက ဒီရဲ့ဆိုးကျိုးကို ပိုပြီးခံစားရပါတယ်။ လယ်ယာမြေနဲ့ကောက်ပဲသီးနှံ ပျက်စီးဆုံးရှုံးမှုတွေဟာ အိုးအိမ်၊ လမ်းတံတား၊ ကျောင်း၊ ဆေးရုံဆုံးရှုံးခဲ့သလို ငွေရှိရင်ချက်ချင်းပြန်လည်တည်ဆောက်လို့မရပါဘူးရှင်။ အချိန်နှင့်ရာသီဥတုအပေါ်မှာသာ မှီတည်ပြီး အခြေခံပြီးစိုက်ပျိုးခဲ့ရတဲ့အတွက် ဒီရေပြန်ဆင်းချိန်မှာ အောင်ရေမီလို့ စိုက်ပျိုးနိုင်တဲ့တောင်သူတွေရှိသလို၊ အောင်ရေမမီတော့တဲ့အတွက် တစ်ရာသီလုံး ငုတ်တုတ်ထိုင်နေကြရတဲ့ တောင်သူလယ်သမားတွေလည်း ရှိပါတယ်ရှင်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့မဲဆန္ဒနယ် အိမ်မဲမြို့နယ်ကို ဥပမာပေးပြောရရင် ဩဂုတ်လအတွင်းမှာရေကြီးနစ်မြုပ်မှုကြောင့် ကျေးရွာပေါင်း ၃၄ ရွာ၊ အိမ်ထောင်စုပေါင်း ၇၈၈ စု ရေဘေးသင့်ခဲ့ပါတယ်။ ဆန်၊ စပါးအဓိကထားပြီး စိုက်ပျိုးတဲ့ဒေသမို့လို့ စပါးစိုက်ဧက ၇၄၅၈ ဧကနစ်မြုပ်ခဲ့ပြီး တချို့ကပျိုးစပါးထောင်ထားချိန်၊ တချို့က စိုက်ပျိုးပြီးချိန်တွေမှာ ဖြစ်ပါတယ်။ အဲဒီအထဲမှာမှ ၄၄၄၇ ဧက ထိခိုက်ပျက်စီးပြီး အောင်ရေအချိန်မီလို့ ၁၈၈ ဧကသာ ပြန်စိုက်နိုင်ခဲ့ပါတယ်။ ရေတက်တာမြန်သလောက် အကျနှေးတဲ့အတွက် လယ်ထဲမှာရေမရှိတော့ဘဲ ၄၂၄၉ ဧကကတော့ ဒီအတိုင်း ငုတ်တုတ်ထိုင်ကြည့်နေရတဲ့ အခြေအနေဖြစ်သွားပါတယ်။ တချို့ကလည်း ရေတွေအချိန်မီမကျဆင်းတဲ့အတွက် ဘယ်လိုမှသီးနှံမစိုက်ပျိုးနိုင်တော့ဘဲနဲ့ ဆောင်သီးနှံနဲ့ နွေစပါးစိုက်ပျိုးဖို့ကိုပဲ ထိုင်စောင့်နေရတဲ့ ဘဝမျိုးဖြစ်နေခဲ့ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ အိမ်မဲမြို့နယ် ရေကြီးနစ်မြုပ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးမှုတွေအတွက် အချိန်မီစိုက်နိုင်ခဲ့ တဲ့ ၁၈၈ ဧကအတွက်တော့ မျိုးစပါး တင်း ၂၀၀ ကို ကူညီခဲ့ပါတယ်။ အဲဒီအတွက်လည်း တောင်သူလယ်သမားတွေကိုယ်စား ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ဒါပေမဲ့ အောင်ရေမမီလို့ဖြစ်ဖြစ်၊ အကြောင်းကြောင်းကြောင့်ဖြစ်ဖြစ် စိုက်ပျိုးချိန်မမီတော့တဲ့ တောင်သူလယ်သမားတွေအတွက်ကတော့ အဲဒီတစ်ရာသီစာ သီးနှံလည်းဆုံးရှုံးသလို၊ စိုက်ပျိုးစရိတ်ချေးငွေ၊ မြစိမ်းရောင်ချေးငွေအစရှိတဲ့ အခြားချေးငွေတွေကို လည်း ပြန်ဆပ်ရမှာဖြစ်တဲ့အတွက် အလွန်ပဲဝန်ပိပါတယ်။ မိုးဘဏ်ထုတ်ပြီး၊ ဆောင်းဘဏ်အတွက် ပြန်ဆပ်ချိန်မှာ အိမ်မဲမြို့နယ်က လယ်သမားတွေ ကျွန်မပြန်လာချိန်အထိ ၁၀

မူကြမ်း

ရာခိုင်နှုန်းသာ ဆပ်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ယခုနှစ်မှမဟုတ်ဘဲ နှစ်စဉ်နှစ်တိုင်း ဒီလိုရေကြီးနစ်မြုပ်ချိန်တွေမှာ ပြန်လည်စိုက်ပျိုးချိန်မမီတော့တဲ့ တောင်သူလယ်သမားတွေအတွက် နောက်တစ်ရာသီစိုက်ပျိုးချိန်မှာ မျိုးစပါး မျိုးစေ့ကူညီပေးနိုင်ဖို့ အစီအစဉ်ရှိ/မရှိမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာရဲ့ ယခုနှစ်မိုးရာသီတွင် ရေကြီးနစ်မြုပ်ခဲ့တဲ့အတွက် ပျက်စီးခဲ့တဲ့လယ်ယာမြေများမှာ မျိုးစပါး အကူအညီသော်လည်းကောင်း၊ စိုက်ပျိုးချိန်မမီတော့တဲ့ တောင်သူလယ်သမားတွေကို ဆောင်းသီးနှံနှင့် နွေစပါးတို့အတွက် မျိုးစပါးအကူအညီပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော် ဦးလှကျော်မှ ပြန်လည်ဖြေကြားပါ့မယ်။

အခုလို မြန်မာနိုင်ငံရဲ့ အခြေခံကျတဲ့ တောင်သူလယ်သမားတွေရဲ့ လူမှုစီးပွားဘဝအတွက် ထောက်ရှုပြီးမေးမြန်းတဲ့ မေးခွန်းအတွက် အိမ်မဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာကို များစွာကျေးဇူးတင်ရှိပါကြောင်း ဝန်ကြီးဌာနရဲ့ကိုယ်စား ပြောကြားလိုပါတယ်။ ယခုနှစ် ၂၀၁၆-၂၀၁၇ မိုးရာသီကာလ ဇူလိုင်လကစပြီးတော့ မြန်မာနိုင်ငံအထက်ပိုင်းကနေ စုတင်ဖြစ်ပွားခဲ့တဲ့ ရေကြီးနစ်မြုပ်မှုဟာ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးမှာ နောက်ဆုံးအနေနဲ့ ခံစားခဲ့ရတာ ရှိခဲ့ပါတယ်။ ပြည်နယ်တိုင်းဒေသကြီးကိုးခုနဲ့ နေပြည်တော်ကောင်စီအပါအဝင် မိုးစပါး၊ နွေစပါး၊ သီးနှံ ၁၂ မျိုး ဧက ၄၀၀၀၀၀ ခွဲကျော်ဟာ ရေကြီးနစ်မြုပ်တဲ့ဒဏ်ကို ခံခဲ့ရပါတယ်။ အဲဒီအချိန်က ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီးမှာ တာဝန်ထမ်းဆောင်နေတဲ့ကာလအလျောက် လက်တွေ့အခြေအနေအရ တောင်သူလယ်သမားတွေရဲ့ဘဝကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရတဲ့အခြေအနေ ရှိခဲ့ပါတယ်။ အဓိကစပါးစိုက်ပျိုးတဲ့ ဧရာဝတီတိုင်းဒေသကြီး မြို့နယ် ၂၀ မှာ မိုးစပါးဧက ၂၂၇၀၀၀ ကျော် ပျက်စီးခဲ့ပါတယ်။

အခြားသီးနှံများနှင့်ပါ ပေါင်းလို့ရှိရင်တော့ ၁၁၄၀၀၀ လောက်မှာ ပျက်စီးမှုနှင့် ကြုံတွေ့ခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ပျက်စီးခဲ့တဲ့မိုးစပါးတွေမှာ ပြန်လည်စိုက်ပျိုးနိုင်ဖို့အတွက် အသင့်စုဆောင်းထားတဲ့ မျိုးစပါးတင်းသန်း ၂၀၀၀၀ ကိုလည်း ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။ အိမ်မဲမြို့နယ်မှာဆိုရင် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြခဲ့သလို မိုးစပါးဧက ၁၈၈ ဧကသာ ပြန်လည်စိုက်နိုင်ပြီးတော့ ဆောင်းသီးနှံအတွက် ဧက ၄၅၀၀ ကျော် မတ်ပဲစိုက်ဖို့အတွက်ကိုလည်းပဲ မျိုးစီစဉ်ဖန်တီးပေးခဲ့ပါတယ်။ ယခုနှစ် မိုးသည်းထန်စွာရွာတဲ့အတွက်ကြောင့်မို့လို့ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပျက်စီးခဲ့တဲ့ မိုးစပါးအပါအဝင် တစ်နိုင်ငံလုံး သီးနှံပျက်စီးဧက ၄၃၈၉၂၄ ဧကအတွက် မျိုးစေ့ဖိုးတွေ ထောက်ပံ့ပေးနိုင်ရေးအတွက် ရန်ပုံငွေကျပ်သန်းပေါင်း ၄၆၇၁.၁၅၅ ကို ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြခွင့်ပြုမိန့်ရရှိပြီး သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့တွေနဲ့ ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ရေကြီးနစ်မြုပ်ပျက်စီးလို့ စပါးပြန်မစိုက်နိုင်တဲ့ဧရိယာတွေမှာ ဆောင်းသီးနှံပဲမျိုးစုံနဲ့ ဆီထွက်သီးနှံစိုက်မယ့် တောင်သူတွေအတွက် မျိုးဝယ်ရဖို့ကိစ္စ၊ စိုက်ချိန်မှန်ကန်ရေးနဲ့ မြေယာပြုပြင်ထွန်ယက်ရေးလုပ်ငန်းတွေကို အချိန်နှင့်တပြေးညီဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသလို ရေကြီးမှုဟာ သဘာဝဘေးကြောင့်ဖြစ်ပေါ်လာခဲ့တဲ့ အခြေအနေဟာ နှစ်အလိုက် စိပ်လာခဲ့ပြီးဖြစ်ပါတယ်။ ဒီကိစ္စဟာ မိမိတို့အနေနဲ့ အထူးတလည် အလေးထားစဉ်းစားရမည့်ကိစ္စဖြစ်ပါတယ်။ လက်တလောဖြစ်ပေါ်တဲ့အခြေအနေအပေါ်မှာ ကုစားတာထက် ရေရှည်အစီအမံများချမှတ်ပြီးတော့ ဆောင်ရွက်သွားဖို့လိုအပ်တဲ့အတွက်ကြောင့် အခုဆိုရင် ဧရာဝတီတိုင်းဒေသကြီးမှာရှိတဲ့ တာ၊ တမံများ ကြံ့ခိုင်တောင့်တင်းရေးအတွက်ကိုလည်းပဲ ရန်ပုံငွေအတွက် စီမံဆောင်ရွက်ပြီး အကောင်အထည်ဖော်လုပ်ကိုင်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွင်း မြစ်ရေကြီးမှုကြောင့် တောင်သူလယ်သမားများ၏ လယ်ယာမြေများ နစ်မြုပ်ပျက်စီးဆုံးရှုံးခဲ့မှုအပေါ် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ သီးသန့် ရန်ပုံငွေအဖြစ် ထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောင်းကုန်းမဲဆန္ဒနယ်က ဦးသိန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ လေးစား အပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွင်း မြစ်ရေကြီးမြင့်မှုကြောင့် ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်နှင့် ငဝန်မြစ်ဘေးတစ်လျှောက်ရှိ မြို့နယ်များတွင် တောင်သူ လယ်သမားများ၏ လယ်ယာမြေများမြောက်မြားစွာနစ်မြုပ်ခံရ၍ ပျက်စီးမှုဧကပေါင်း မြောက်မြားစွာ ရှိခဲ့ပါတယ်။ မိုးစပါးအပြင် ဥယျာဉ်ခြံများလည်း ပျက်စီးဆုံးရှုံးခဲ့ပါတယ်။ ရေကြီးနစ်မြုပ်မှုဟာ နိုင်ငံတစ်နံတစ်လျားမှ အလှူရှင်များ၊ အသင်းအဖွဲ့များမှ စားနပ်ရိက္ခာ၊ ဆန်၊ ခေါက်ဆွဲခြောက်၊ ရေသန့်နှင့်အဝတ်အထည်များကို ထောက်ပံ့ပေးခဲ့သလို နိုင်ငံတော်အစိုးရအနေဖြင့် လည်း ဆန်၊ ဆီနှင့် အခြားပစ္စည်းများကိုလည်း ထိုက်သင့်သလောက် ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ အရောင်းအဝယ် သမားများနှင့် အခြားစီးပွားရေးလုပ်ငန်းများအနေနဲ့ ရေကြီးစဉ်ကာလမှာ ခေတ္တခဏ သာ ၎င်းတို့ရဲ့လုပ်ငန်းများကို ရပ်ဆိုင်းထားရသော်လည်း လယ်ယာလုပ်ငန်းတစ်ခုတည်းဖြင့် အသက် မွေးဝမ်းကျောင်းပြုနေရသည့် တောင်သူလယ်သမားများအနေဖြင့် အရင်းအနှီးများစွာဖြင့် စိုက်ပျိုးခဲ့ ရသော စိုက်ခင်းများ ရေမြုပ်ပျက်စီးခဲ့တဲ့အတွက်ကြောင့် လုံးဝဆုံးရှုံးသွားခဲ့တဲ့အပြင် ပြန်လည်စိုက်ပျိုး ရန်လည်း ရာသီချိန်နောက်ကျခြင်း၊ အရင်းအနှီးအလုံအလောက်မရှိခြင်း၊ နောက်ထပ်စိုက်ပျိုးမည့် ဆောင်းသီးနှံမမီနိုင်ခြင်းတို့ကြောင့် ယခုနစ်မြုပ်ခဲ့သောသီးနှံများကို ပြန်လည်စိုက်ပျိုးရန်အခက်အခဲ များလည်း ဖြစ်ပေါ်စေခဲ့ပါတယ်။ ယမန်နှစ် ၂၀၁၅ ခုနှစ်မှာလည်း ယခုကဲ့သို့ရေကြီးနစ်မြုပ်မှုကြောင့် လယ်သမားများအနေဖြင့် နှစ်နှစ်ဆက်တိုက် ရေနစ်မြုပ်မှုဒဏ်ကို အလူးအလဲခံစားရပါတယ်။ ရေတစ်ကြိမ်နစ်မြုပ်ပြီဆိုရင် သုံးနှစ်ကုစား၍ပင်မရခဲ့ပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား Slide ပြသခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒါ ကျွန်တော်တို့ ၂၀၁၆ ခုနှစ် ဩဂုတ်လ မြစ်ရေကြီးမှုပါ။ အဲဒီမြစ်ရေကြီးမှုရဲ့အောက်ဘက်မှာ ကျွန်တော်တို့ ရေတော်မိုးတော်စိုက်ထားတဲ့ စပါးဧကပေါင်းမြောက်မြားစွာပျက်စီးနေပါတယ်။ ၁၉၉၁ ခုနှစ် လေးမျက်နှာမြို့နယ် ထိမ်ငူတာကျိုးစဉ်မှစပြီးတော့ ၂၀၀၄ ခုနှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်များတွင် မြစ်ရေကြီးမြင့်မှုဆက်တိုက်ဖြစ်နေသလို ယခု ၂၀၁၆ ခုနှစ် ရေဟာလည်း နယ်မြေဒေသများ၌ ၁၉၉၁ ခုနှစ် ထိမ်ငူတာကျိုးတဲ့အမြင့်ဆုံးရေထက်ပင် မြင့်တက်မှုကြောင့် ယခင်ကရေလုံးဝမမြုပ်ခဲ့ဘူးသည့် ဒေသများပင် ရေမြုပ်မှုဒဏ်ကို ခံစားရပါတယ်။ ကျွန်တော်တို့ မြို့ပေါ်မှာ တောက်လျှောက်မြို့လယ်ခေါင်အထိ ယခုကဲ့သို့ရေဟာတက်ရောက်ခဲ့ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မြေဖြစ်တဲ့ ကျောင်းကုန်းမြို့နယ်အနေနဲ့ ရပ်ကွက်သုံးခု၊ ကျေးရွာ အုပ်စု ၆၅ အုပ်စု၊ ကျေးရွာခွဲပေါင်း ၄၁၇ ရွာရှိရာမှာ ရပ်ကွက်သုံးခုနှင့် ကျေးရွာအုပ်စု ၆၀ အုပ်စု၊ ကျေးရွာခွဲပေါင်း ၂၄၀ ရွာ ရေနစ်မြုပ်ခံရပြီး အိမ်ခြေ ၂၀၉၄၀၊ ရေနစ်မြုပ်ပျက်စီးဧက ၃၂၇၃၀ ဧက၊ ရေနစ်မြုပ်ဥယျာဉ်ဧက ၄၉၈.၈၇၄ ဧက တို့ဖြစ်ပါတယ်။ ပျက်စီးဆုံးရှုံးမှုအရ တန်ဖိုးကျပ်သန်းပေါင်း ၈၀၀၀ ခန့် ဆုံးရှုံးခဲ့ပါတယ်။ ဒါဟာဆိုလို့ရှိရင် မြစ်ရေကြီးမှုကြောင့် ကျွန်တော်တို့ ထောင့်ကြီးမှာရှိတဲ့ စပါးကို တားထားတဲ့ရေကာတာကြီးဟာ ပျက်စီးသွားတဲ့အတွက်ကြောင့် အဲဒီမှာလည်း သောင်းချီပြီးတော့ ပျက်စီးသွားပါတယ်။ မြစ်ရေကြီးမှုကြောင့် ရေခလုတ်ထောင့်ကြီးတာ၊ ဘီးလင်းတာကြီးဟာလည်း ပျက်စီးသွားတဲ့အတွက်ကြောင့် အဲဒီအောက်မှာရှိတဲ့ ဧကပေါင်း ၂၀၀၀၀ လောက်ကလည်း ပျက်စီးသွားတဲ့အခြေအနေရှိပါတယ်။ ယခုကဲ့သို့ မြစ်ရေကြီးမြင့်မှုဖြစ်နေပါက တောင်သူလယ်သမားများရဲ့ဘဝမြင့်မားနိုင်ဖို့ အိပ်မက်ပင် မက်၍မရပါ။ နိုင်ငံတော်အနေဖြင့်လည်း များစွာမှ နစ်နာဆုံးရှုံးမှုကြီးကို တောင်သူလယ်သမားများနည်းတူ ခံစားရမှာဖြစ်ပါတယ်။ အစိုးရအနေဖြင့် ယခုကဲ့သို့ မကြာခဏဆိုသလို ရေကြီးနစ်မြုပ်မှုဖြစ်သည်ကို ရင်းမြစ်ကျကျ စနစ်တကျကွင်းဆင်းလေ့လာဖို့ လိုအပ်ပြီထင်ပါတယ်။ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့မှာလည်း နိုင်ငံတော်သမ္မတထံမှပေးပို့တဲ့ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဒေသများမှာ နိုင်ငံတော်ရဲ့သီးသန့်ရန်ပုံငွေ ထောက်ပံ့ခြင်းကိုလည်းရရှိခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့မေးခွန်းမေးလိုတာကတော့ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွင်း မြစ်ရေကြီးမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအပါအဝင် အခြားသော မြို့နယ်များရှိ တောင်သူလယ်သမားများ၏ လယ်ယာမြေများ နစ်မြုပ်ပျက်စီးဆုံးရှုံးခဲ့မှုအပေါ်

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ သီးသန့်ရန်ပုံငွေအဖြစ် ထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းရဲ့ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြခဲ့သလို ဧရာဝတီတိုင်းဒေသကြီးမှာ တာတမံ များ ကြံ့ခိုင်တောင့်တင်းမှုအားနည်းတဲ့အလျောက် မြစ်ရေကြီးမှုနှင့်အတူ အိုးအိမ်များ၊ လမ်းများ၊ တံတားများလည်း ပျက်စီးမှုနှင့် ကြုံခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၆ ခုနှစ်၊ သဘာဝဘေးအန္တရာယ် ကြောင့် ပျက်စီးခဲ့တဲ့ တာတမံများ၊ လမ်းတံတားများ ပြန်လည်ပြင်ဆင်ရန်၊ သီးနှံစိုက်ပျိုးမှုအတွက် အစားထိုးပြန်လည်စိုက်ပျိုးရန်နှင့် ရာသီချိန်နှင့် လိုက်လျောညီထွေတဲ့သီးနှံတွေ ပြောင်းလဲစိုက်ပျိုးဖို့ အတွက် လိုအပ်ငွေ ရန်ပုံငွေကျပ်သန်းပေါင်း ၁၁,၃၃၃ ဘီလီယံကျော်အတွက် သီးသန့်ရန်ပုံငွေမှ ကျခံ ဆောင်ရွက်ဖို့အတွက် ခွင့်ပြုချက်တင်ပြရရှိခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် မိုးရာသီတွင် ပဲခူး တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး မြစ်ရေစံချိန်တင်မြင့်တက်ခဲ့တဲ့အတွက်ကြောင့် ကျိုးပေါက်တာ တမံတွေ အခိုင်အမာပြန်လည်ပြုပြင်ရေး၊ ၂၀၁၇ ခုနှစ်တွင် မိုးရာသီ ရေဘေးအန္တရာယ်မဖြစ်စေဖို့ အတွက် ပြင်ဆင်ရန်လိုအပ်တဲ့ တာတမံတွေပြင်ဆင်ရေးအတွက် စုစုပေါင်းလုပ်ငန်း ၁၈ ခုအတွက် ကျပ် သန်းပေါင်း ၄၁၉၀.၆၆၇ သန်း ခွင့်ပြုချက်ရရှိပြီးဖြစ်ပါတယ်။ ဒုတိယသီးနှံအစားထိုးစိုက်ပျိုးနိုင် ရေးအတွက် ထောက်ပံ့မှုနှင့် သီးနှံအလိုက်ထောက်ပံ့ကြေး ကျပ်သန်းပေါင်း ၄၇၄၉.၃၈၀ သန်း ခွင့်ပြုချက်ရရှိမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးငါးခုမှာ ပျက်စီးခဲ့တဲ့ ကျေးလက်လမ်းတံတာများအတွက် ကျေးလက်လမ်း ကို ကျပ်သန်းပေါင်း ၁၂၂၀.၁၄၀၊ တံတားများအတွက် ကျပ်သန်းပေါင်း ၁၂၅၁.၁၆၀ ကျပ်သန်း စုစုပေါင်း ရန်ပုံငွေကျပ်သန်းပေါင်း ၁၁၃၃၃.၁၂ ကျပ်သန်းကို သီးသန့်ရန်ပုံငွေမှ ခွင့်ပြုချက်ရရှိပြီး ဖြစ်တဲ့အတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ ကျွန်တော့်အနေနဲ့ ဆက်စပ်မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ အဲဒီတော့ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတုန်းကလည်း သီးသန့်ရန်ပုံငွေ ကနေပြီးတော့ စုစုပေါင်း ကျပ်သန်းပေါင်း ၁၂၈၁၀.၇၃ ကိုပေးခဲ့ပါတယ်။ ဒီဘက် ဩဂုတ်လ ၂၃ ရက်နေ့မှာလည်း ၅၆၄၈.၂၃ သန်းကို သီးသန့်ရန်ပုံငွေမှ ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ အခုလည်း ဝန်ကြီးအနေနဲ့ ဆုံးရှုံးနစ်နာခဲ့တဲ့ တောင်သူလယ်သမားများအားလုံးအတွက် သီးသန့်ရန်ပုံငွေခွင့်ပြု ချက်ရထားပြီဖြစ်တဲ့အတွက်ကြောင့် ဒါဟာ တောင်သူလယ်သမားများရဲ့ကိုယ်စား အထူးကျေးဇူးတင် ရှိပါတယ်။ ကျွန်တော်သိချင်တာကတော့ အဲဒီသီးသန့်ရန်ပုံငွေကို ခွင့်ပြုချက်ရထားပြီဖြစ်တဲ့အတွက် ကြောင့် ဘယ်နေ့၊ ဘယ်ကာလမှာ တောင်သူလယ်သမားများအတွက် ထောက်ပံ့ပေးနိုင်မည်ကို သိရှိလိုကြောင်း လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ သီးသန့်ရန်ပုံငွေ ကျပ်သန်းပေါင်း ၁၁၃၃၃.၁၂ ကျပ်သန်းကို ပြီးခဲ့တဲ့ ဇန်နဝါရီလ ၁၉ ရက် အစိုးရအဖွဲ့ အစည်းအဝေး(၂/၂၀၁၇)က ခွင့်ပြုချက်ရရှိပြီးဖြစ်ပါတယ်။ ဒီခွင့်ပြုချက်ရရှိတာနဲ့အလျောက် သက်ဆိုင်ရာတိုင်းဒေသကြီးအသီးသီးမှာ လုပ်ငန်းတွေကို စတင်အကောင်အထည်ဖော်ဆောင်ရွက် သွားမှာဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

**စေတုတ္တရာမြို့နယ်၊ မုံညင်းကျေးရွာမှ ကြီးအုံကြီးဝတမံလမ်းသို့ နွေ၊ မိုး၊ ဆောင်းသွားလာနိုင်သည့် မြေသားလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးပဲ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ လိုရာဆန္ဒပြည့်ဝကြပါစေ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ စေတုတ္တရာမြို့နယ် မုံညင်းကျေးရွာလမ်းနှင့် ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ် ခင်ဗျား။ မုံညင်းကျေးရွာဟာ စေတုတ္တရာမြို့ရဲ့အရှေ့တောင်ဘက် ၁၆ မိုင်ခန့်အကွာမှာတည်ရှိပြီး

အိမ်ထောင်စု ၁၅၆ စု၊ လူဦးရေ ၆၅၂ ဦးရှိပါတယ်။ ကြီးအုံကြီးဝတမံ ရေမြုပ်ဧရိယာမှာပါဝင်လို့ ရွှေ့ပြောင်းရတဲ့ရွာပေါင်း ၁၈ ရွာအနက် တစ်ရွာအပါအဝင်ဖြစ်ပါတယ်ခင်ဗျား။ လယ်ယာမြေများ နစ်မြုပ်ပြီးတော့ ၂၀၀၆ ခုနှစ်မှာ (၂)မိုင်ခန့်ဝေးတဲ့ရွာသစ်ကို ပြောင်းရွှေ့ခဲ့ရပါတယ်။ ရွာသစ်ကို ပြောင်းရွှေ့ခဲ့ရတဲ့အတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအဘက်ဘက်မှ အလွန်ခက်ခဲကြပါတယ်။ မုံညှင်းကျေးရွာမှ ကြီးအုံကြီးဝတမံ ကံရွာလမ်းခွဲသို့ သွားရောက်ရာလမ်း မှာ ခြောက်မိုင်ခွဲခန့်ရှည်လျား၍ နွေအခါမှာပင် ကြမ်းတမ်းခက်ခဲလှပြီး မိုးတွင်းအခါ လုံးဝသွားမရတဲ့ တောင်စောင်းချောက်ကမ်းပါးလမ်း ဖြစ်နေပါတယ်။ အရေးပေါ်ကျန်းမာရေးကိစ္စများမှာ သွားလာရေး အတိဒုက္ခရောက်နေတဲ့အတွက် မဲဆန္ဒရှင်ပြည်သူများကိုယ်စား အောက်ပါမေးခွန်းကို ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းရခြင်းဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ် မုံညှင်းကျေးရွာမှ ကြီးအုံကြီးဝတမံ ကံရွာလမ်းခွဲသို့ နွေ၊ မိုး၊ ဆောင်းသွားလာနိုင် တဲ့ မြေသားလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါ၍ မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးပဲ ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကျော်အောင်လွင်မှ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေး အတွက် စိတ်ပါဝင်စားစွာဖြင့် ကျေးရွာများကို ကွင်းဆင်းစစ်ဆေးပြီး ယခုကဲ့သို့မေးခွန်းကို မေးမြန်း ပေးတဲ့အတွက်ကြောင့်လည်းပဲ အထူးပင်ကျေးဇူးတင်ရှိကြောင်း ဦးစွာပြောကြားလိုပါတယ်။ မကွေး တိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်အတွင်းမှာရှိတဲ့ မုံညှင်းကျေးရွာမှ ကြီးအုံ-ကြီးဝတမံလမ်းကို ဆက်သွယ်သည့်လမ်းမှာ စေတုတ္တရာမြို့နယ် နယ်နိမိတ်ကနေ (၃) မိုင်၊ ပွင့်ဖြူမြို့နယ် နယ်နိမိတ်ကနေ (၃)မိုင်ကွာဝေးပြီးတော့ အရှည် (၆)မိုင်ရှိတဲ့ လှည်းလမ်းအဆင့်ဖြစ်ကြောင်း သိရှိရပါတယ်။ ကျေးရွာပေါင်း သုံးရွာ၊ အိမ်ခြေ ၃၃၈ ရှိ လူဦးရေ ၁၃၉၅ ဦးတို့ မှီခိုသွားလာနေရတဲ့လမ်းဖြစ်ကြောင်း သိရပါတယ်။ မိုးရာသီမှာ သွားလာဖို့ခက်ခဲပြီး တောင်ပြိုခြင်းများဖြစ်ပေါ်လေ့ရှိတဲ့အတွက် အဆိုပါ

လမ်းကို ၁၈ ပေအကျယ် မြေသားလမ်းဖောက်လုပ်ဆောင်ရွက်မယ်ဆိုရင် ငွေ ၁၀၄.၂၂ ကျပ်သန်း ကုန်ကျမှာဖြစ်ပါတယ်။ ကျောက်ချောလမ်းပြီး အဆင့်မြှင့်တင်မယ်ဆိုပါက ငွေကျပ် ၃၇၆.၄၄ သန်း စုစုပေါင်းငွေကျပ် ၄၈၀.၆၆ သန်း ကုန်ကျမည်ဖြစ်ကြောင်း စိစစ်ရရှိထားပြီးဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၉၅၁၆.၂၀၅ သန်းနဲ့ ကွန်ကရစ်လမ်း ၂ မိုင်၊ ကတ္တရာလမ်း ၂ မိုင် ၄ ဖာလုံ၊ ကျောက်ချောလမ်း ၃၉ မိုင် ၆ ဖာလုံ၊ ဂဝံ/မြေနီလမ်း ၄၅ မိုင် ၂ ဖာလုံ၊ မြေသားလမ်း ၈၃ မိုင် ၂ ဖာလုံ၊ ကွန်ကရစ်တံတား ၂၁ စင်း၊ သစ်သားတံတား ၁၂ စင်း၊ ရေကျော် ၄၅ စင်းနှင့် ရေပြွန် ၃၇ စင်းတို့ကို ဆောင်ရွက်ပေးဖို့ လျာထားမှုရှိပါတယ်။ စေတုတ္တရာမြို့နယ်မှာဆိုလို့ရှိရင်တော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၂၆.၃၁၇ သန်းနဲ့ မြေသားလမ်း ၁၇ မိုင် ၆ ဖာလုံနှင့် ရေကျော်သုံးစင်းကို လျာထားဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျေးလက်လမ်း၊ တံတားလုပ်ငန်းတွေနှင့်ပတ်သက်ပြီး ပြည်ထောင်စုအဆင့်က လမ်းအမျိုးအစားနှင့် လမ်းအဆင့်သတ်မှတ်ခြင်း၊ လမ်း၊ တံတား စံချိန်စံညွှန်းများသတ်မှတ်ခြင်းနှင့် လမ်းနယ်သတ်မှတ်ခြင်းနှင့် လမ်းပိုင်ဆိုင်မှုနယ်နိမိတ်သတ်မှတ်ခြင်းတွေကို ဒေသန္တရလမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို တင်ပြပြီး အတည် ပြုချက်ရယူပြီးလည်း ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကစပြီး လမ်း၊ တံတားလုပ်ငန်းတွေ အတွက် ဘဏ္ဍာငွေလျာထားတဲ့အခါမှာ ဗဟိုကော်မတီမှ အတည်ပြုထားတဲ့ စံချိန်စံညွှန်းများရဲ့ စံနှုန်းအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အာရှဖွံ့ဖြိုးရေးဘဏ်တွေနဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ National Strategy for Rural Roads and Access နဲ့ပတ်သက်ပြီး တော့မှ ပထမမူကြမ်းလည်း ရေးဆွဲပြီးဖြစ်ပါတယ်။ အဆိုပါမူကြမ်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှစပြီး တော့ ပြည်နယ်/တိုင်းဒေသကြီးတွေမှာ သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံး ပါဝင်ဆွေးနွေးပြီး အကြံဉာဏ်များရယူသွားမှာ ဖြစ်ပါတယ်။ ဒီအစီအစဉ်အရ လမ်း၊ တံတားလုပ်ငန်းတွေအတွက် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း (Investment Plan) ကလည်း တစ်ပါတည်း ပါလာမှာဖြစ်တဲ့အတွက် ယင်းအပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ တင်ပြပါစေတုတ္တရာမြို့နယ်အတွင်းရှိ မုံညင်းကျေးရွာကနေ ကြီးအုံကြီးဝတမံလမ်းသို့ ဆက်သွယ်တဲ့လမ်းကို ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနရဲ့

ရန်ပုံငွေမှာ ယခုနှစ်မပါဝင်သေးသော်လည်းပဲ လတ်တလော ဆောင်ရွက်နိုင်ခြင်း မရှိသေး တဲ့အတွက် နှစ်အလိုက် ပြည်နယ်/တိုင်းဒေသကြီးတွေရဲ့ ဦးစားပေးလျာထားချက်ပေါ်မူတည်ပြီး ဆောင်ရွက်ပေး သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရပ်စောက်မြို့နယ်၊ အင်းခေါင်းရေထွက်ရေကန်၏ နုန်းတားတမံ ကန်ပတ်လမ်းများတည်ဆောက်ခြင်း၊ ရေဆိုးထုတ်မြောင်းများတည်ဆောက်ခြင်း၊ နုန်းထုတ်မြေတူးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက် နိုင်ရန် လိုအပ်နေသော ရန်ပုံငွေများ ခွင့်ပြုဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ကျွန်တော်တို့ရပ်စောက်မြို့နေပြည်သူများ၏ သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် လူမှု နေထိုင်ရေးကိစ္စများ အဆင်ပြေစေရန်အတွက် အင်းခေါင်းရေထွက်ရေကန်ကို ထာဝစဉ်ထိန်းသိမ်း ကာကွယ်ရန်၊ မြို့ပြဆိုင်ရာတည်ဆောက်ပြုပြင်ရေးအစီအမံများဖြစ်သည့် ကန်ပတ်နုန်းတားတမံ ကန်ပတ်လမ်းများ၊ ကန်ပတ်ရေဆိုးထုတ်မြောင်းများ၊ ပို့ချထားသောနုန်းမြေများ ပယ်ထုတ်ရေးစသည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်စောက်မြို့သည် မြို့ပေါ် ရှစ်ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပြီး အင်းခေါင်းရေထွက်နှင့်ရေကန်ကြီးသည် တောင်ကွက်သစ်ရပ်ကွက် နှင့် မြို့ကုန်းရပ်ကွက်အပိုင်းများတွင် တည်ရှိကာ ကုန်းမြင့်ပိုင်းတွင် လူနေအိမ်ခြေများတည်ရှိပြီး အနိမ့် ပိုင်းတွင် အင်းခေါင်းရေထွက်နှင့်ရေကန်ကြီးတည်ရှိပါသဖြင့် မိုးရေနှင့် စွန့်ပစ်ရေများသည် သဘာဝ အရ အင်းခေါင်းရေကန်ကြီးအတွင်း စီးဝင်၍ သဲနုန်းမြေများပို့ချ၍ ရေထွက်ပိတ်ဆို့မှု၊ တိမ်ကောမှုများ ဖြစ်ပေါ်လာခဲ့ပါတယ်။ အင်းခေါင်းရေထွက်ရေကန်မှရေများကို ရပ်စောက်မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ မြို့ရေပေးဝေရေးစနစ်ဖြင့် မြို့ပေါ်ငါးရပ်ကွက်ဖြစ်သော တောင်ကွက်သစ်၊ မြို့ကုန်း၊ အုတ်တံတား၊ မြောက်ကွက်သစ်နှင့် ဈေးတန်းရပ်ကွက်များကို သောက်သုံးရေအဖြစ် ဆောင်ရွက်

ပေးလျက်ရှိပြီး ယခုအခါ ဂျပန် JICA ချေးငွေဖြင့် မြို့ပေါ်ရပ်ကွက်အားလုံး သောက်သုံးရေရရှိရေး အတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အင်းခေါင်းရေထွက်ဦးကို ကာကွယ်၍ နုန်းတားတမံတည်ဆောက်ခြင်း၊ ရေဆိုးထုတ်ရေမြောင်းများတည်ဆောက်ခြင်း၊ နုန်းများဖယ်ရှား စုပ်ထုတ်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရထံမှ ထောက်ပံ့ငွေရရှိရေးကို ပထမအကြိမ် စတုတ္ထပုံမှန် အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းခဲ့ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာ ၅ ရက် ရက်စွဲဖြင့် အင်းခေါင်းကန်ပတ်နုန်းတားတမံတည်ဆောက်ခြင်း၊ ရေဆိုးထုတ် ရေပျောက်ပြုလုပ်ခြင်း၊ နုန်းထုတ်စက်နှင့်မြေတူးစက် အသုံးပြုလုပ်ကိုင်ဆောင်ရွက်မည့် လုပ်ငန်းများအား ကွင်းဆင်းတိုင်းတာပြီး ရန်ပုံငွေရရှိမှုအပေါ်အခြေခံ၍ လုပ်ငန်းများအစီအစဉ် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားချက်ရရှိခဲ့ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ကျပ် ၄၅၅ သန်း ဘဏ္ဍာငွေများ ခွဲဝေရရှိခဲ့ပြီး တိမ်ကောလာသည့် ရေကန်ဧရိယာကို စက်အင်အားဖြင့်ပြန်လည်တူးဖော်ခြင်း၊ ကန်ပတ် နုန်းတားတမံများတည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို ၆၀ ရာခိုင်နှုန်းခန့်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သို့သော်လည်း ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရထံမှ ခွင့်ပြုရန်ပုံငွေများ မရရှိခဲ့၍ လုပ်ငန်းများ ဆက်လက်၍မဆောင်ရွက်နိုင်ခဲ့ပါ။ လုပ်ငန်းများဆက်လက်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ရပ်စောက်မြို့ အင်းခေါင်းရေထွက်ရေကန်၏ နုန်းတားတမံ ကန်ပတ်လမ်းများ တည်ဆောက်ခြင်း၊ ရေဆိုးထုတ်ရေမြောင်းများတည်ဆောက်ခြင်း၊ နုန်းထုတ်မြေတူး ခြင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လိုအပ်နေသောရန်ပုံငွေများ ခွင့်ပြုဆောင်ရွက်ပေးမည့်အစီအစဉ်များ ရှိ/မရှိ မြို့နေရပ်မိရပ်ဖပြည်သူများ၏ကိုယ်စား လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးပါ။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ ရပ်စောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်မြင့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး

ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ဖြေကြားချက်နှင့် ဆက်စပ်ပြီး ဝန်ကြီးဌာနအနေနဲ့ ဖြေကြား ပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းမှာ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက် မြို့နယ်၊ အင်းခေါင်းရေထွက်ရေကန်၏ နုန်းတားတမံ ကန်ပတ်လမ်းများ တည်ဆောက်ခြင်း၊ ရေဆိုး ထုတ်မြောင်းများတည်ဆောက်ခြင်း၊ နုန်းထုတ်မြေတူးခြင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေး အတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေး နှစ်မှာ လိုအပ်တဲ့ရန်ပုံငွေများခွင့်ပြု ဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းဖြစ် ပါတယ်။ ယင်းနှင့်ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ဆက်သွယ်ညှိနှိုင်း သိရှိချက်အရ ရှမ်းပြည်နယ် ဆည်မြောင်းနှင့် ရေအသုံး ချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ (ငွေလုံးငွေရင်း) ရန်ပုံငွေ ကျပ်သန်း ၃၀၀ ကိုအဆိုပါ လုပ်ငန်း လုပ်ဆောင်နိုင်ရန်အတွက် တောင်းခံခဲ့သော်လည်းပဲ ရန်ပုံငွေ ခွဲဝေရရှိခဲ့ခြင်းမရှိခဲ့ကြောင်း သိရှိ ရပါတယ်။ ထို့အတွက်ကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှာ အဘက်ဘက်က ပြန်လည်ညှိနှိုင်းတွက်ချက်ပြီး ထပ်မံတောင်းခံလိုက်တဲ့ပမာဏ ဟာ ကျပ်သန်း ၄၅၀ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ခွဲဝေရရှိခြင်းမရှိခဲ့ကြောင်း သိရှိရပါတယ်။ ဒါကြောင့် လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်အစိုးရရဲ့ (ငွေလုံးငွေရင်း)ခန့်မှန်းခြေ ငွေစာရင်းမှာ ကျပ်သန်း ၄၅၀ တင်ပြတောင်းခံခဲ့ပါတယ်။ သို့သော်ငြားလည်းပဲ ဘဏ္ဍာငွေအရ အသုံးစိစစ်မှုအရ လာမည့် ဘဏ္ဍာရေးနှစ်ရန်ပုံငွေခွဲဝေချက်မှာ ပါဝင်နိုင်ခဲ့ခြင်းမရှိကြောင်း သိရှိတင်ပြ အပ်ပါတယ်။ ဒါကြောင့် ပြည်နယ်အစိုးရအဖွဲ့အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်(ငွေလုံးငွေရင်း) ခန့်မှန်းခြေမှာ ရန်ပုံငွေကျပ်သန်း ၄၅၀ နှင့် ခွင့်ပြုချက်ရရှိရေးကို ဆက်စပ်ညှိနှိုင်းတောင်းခံ ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ အင်းခေါင်းရေထွက်ရေကန်ပြုပြင်ခြင်းလုပ်ငန်းတစ်ရပ်လုံးအတွက် ပြီးစီးနိုင်မှုခန့်မှန်းခြေ ကတော့ ရန်ပုံငွေစုစုပေါင်း ကျပ်သန်းပေါင်း ၇၀၀ လိုအပ်မည်ဖြစ်ပါကြောင်း ပြည်နယ်အစိုးအရအဖွဲ့ရဲ့ ဖြေကြားချက်ပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ အင်းခေါင်းရေထွက်ရေကန် သည် မြို့ပေါ်ပြည်သူအားလုံးသောက်သုံးရေအဖြစ် အသုံးပြုလျက်ရှိပြီး စိုက်ဧက ၂၀၀၀ ကိုလည်း ကျွန်တော်တို့ အကျိုးပြုလျက်ရှိပါတယ်။ မိုးတွင်းကာလများမှာ မိုးသည်းထန်စွာရွာတဲ့အခါမှာ

ဂုင်းရေကန် အတွင်းသို့ ကျွန်တော်တို့ရပ်စောက်မြို့ရဲ့ မြို့မဈေးကြီးဈေးအပိုင်းမှ ရေဆိုးရေညစ်များ၊ ဆေးရုံအပိုင်းမှ ရေဆိုးများသည် ကန်အတွင်းသို့ စီးဝင်လျက်ရှိပါတယ်။ ဂုင်းရေဆိုးများ ရေဆိုးထုတ် ရေမြောင်းကန်ပတ်နုန်းတားတမံများ ဆက်လက်ဆောင်ရွက်ပေးမှသာလျှင် မြို့နေပြည်သူများက သောက်သုံးရေရရှိရေးကို အဆင်ပြေမှာဖြစ်ပါတယ်။ ရေထွက်ရေကန်တိမ်ကောမှုများကိုလည်း ကျွန်တော်တို့ ကာကွယ်နိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဆက်လက်၍ ကျွန်တော်တို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်လျာထားချက်မှာ မပါဘူးဆိုလို့ရှိရင်လည်း သီးခြားငွေကြေး မှသော်လည်းကောင်း၊ ဖြည့်စွက်ရန်ပုံငွေမှသော်လည်းကောင်း ဆောင်ရွက်ပေးမည့်အစီအစဉ်များ ရှိ/မရှိ ကျွန်တော်ထပ်မံပြီးတော့ ထပ်ဆင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ၂၀၁၇-၂၀၁၈ မူလခန့်မှန်းခြေစာရင်းမှာ မပါဝင်တဲ့အတွက်ကြောင့်မို့လို့ ငွေစာရင်းလုပ်ထုံးလုပ်နည်း ဘတ်ဂျက်ရဲ့ညှိနှိုင်းချက်အရ ဖြည့်စွက်ခွင့်ပြုရန်ပုံငွေမှာ ခွင့်ပြုနိုင်မည့်အခြေအနေရှိမည်မဟုတ် ကြောင်း တင်ပြပါတယ်။ သို့သော်ငြားလည်းပဲ ဒေသလိုအပ်ချက်ရှိတဲ့အတွက်ကြောင့်မို့လို့ မိမိဝန်ကြီး ဌာနတွေကနေပြီး မည်ကဲ့သို့စီမံညှိနှိုင်းဆောင်ရွက်သွားနိုင်မည့်အခြေအနေကို ပြန်လည်ဆွေးနွေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**မြစ်သားမြို့ဘေးကပ်လျက်ရှိ စမာရေလွှဲဆည်အား အပြီးတိုင်ဖျက်သိမ်းရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာလင်းလင်းကျော်(မြစ်သားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော်ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအစီအစဉ်မှာ ယခင့်ယခင်လက်ထက်က လွဲမှားခဲ့တဲ့စီမံကိန်းကြောင့် ဒေသခံများဒုက္ခခါးစည်းခံနေရတာကို တင်ပြသွားမှာဖြစ်ပါတယ်။ ယခုမေးခွန်းပါ စမာရေလွှဲဆည်က ဆည်စဆောက်တဲ့အခါမှာ မဖြစ်မနေလုပ်ဆောင်ရမယ့်ဒီဆည်ကြောင့် သဘာဝပတ်ဝန်းကျင်အပေါ်၊ ဂေဟစနစ်တွေအပေါ်၊ သက်ရှိမျိုးစိတ်တွေအပေါ်၊ ဒေသခံလူမှုဘဝအပေါ်၊ ဒေသခံများရဲ့ကျန်းမာရေး အပေါ် ဘယ်လိုသက်ရောက်မယ်ဆိုတဲ့စစ်တမ်းတွေဖြစ်တဲ့ EIA, SIA, HIA စတဲ့စစ်တမ်းများ လုံးဝ

ကြိုတင်ကောက်ယူခြင်းမရှိခဲ့ပါဘူး။ ဒါကြောင့်မို့လို့လည်း မြစ်သားမြို့ပေါ် ခြောက်ရပ်ကွက်အပါအဝင် အနီးရှိရွာများက ဒေသခံများဒုက္ခရောက်ကြရတာဖြစ်ပါတယ်။ ဥပမာများနဲ့တင်ပြပါရစေ။ အဓိက အကျဆုံးအချက်က နေရာရွေးလွဲချော်မှုပါ။ မြို့ဘေးကပ်လျက်မှာ ဆည်လာတည်ဆောက်ပြီးတော့ ရေလှောင်တဲ့အခါပြဿနာတက်တာပေါ့။ တက်တဲ့အခါမှာ ဒီလှောင်တဲ့ရေကလည်း သဘာဝအတိုင်း စီးဆင်းတဲ့ရေမဟုတ်ဘဲနဲ့ ဒီစိုက်ပျိုးရေ၊ စွန့်ပစ်ရေတွေကို ပြန်လည်သိုလှောင်တာဖြစ်တဲ့အတွက် ကြောင့်မို့လို့ မြေသြဇာတို့၊ ပိုးသတ်ဆေးတို့၊ ဓာတုဗေဒပစ္စည်းများစွာပါတဲ့အတွက် ကြောင့်မို့လို့ အနီးတစ်ဝိုက်က သောက်ရေ၊ သုံးရေအားလုံးက ညစ်ပတ်ကုန်ကြပါတယ်။ ဒီမသန့်တဲ့ရေ ကြောင့် ကူးစက်ရောဂါအပါအဝင် နာတာရှည်ရောဂါများစွာ ခံစားရပါတယ်။

မြို့ဘေးတည့်တည့်ဆည်ရောက်လာတော့ မြစ်သားမြို့ပေါ်အပါအဝင် အနီးအနားရွာများက စွန့်ထုတ်တဲ့ရေတွေက မထွက်နိုင်ဘူး။ မထွက်နိုင်တဲ့အခါကျတော့ အထူးသဖြင့်မိုးရာသီမှာဆိုရင် ရေကြီးရေလျှံ၊ ရေဝပ်မှုတွေ အကြိမ်ကြိမ်ဖြစ်ခဲ့ပါတယ်။ မြစ်သားမှာ ဒါမျိုး ဒီဆည်မတည်ခင်က တစ်ခါမှမဖြစ်ခဲ့ဘူးပါဘူး။ နောက်ပြီးတော့ နုန်းထိုင်ပြီးတော့ ဒီဆည်ရေမျက်နှာပြင်မြင့်တက်လာတဲ့အခါ ကျတော့ ဘေးနားကပ်လျက် ရပ်ကွက်တွေ၊ ရွာတွေမှာ တွင်းတူးလို့ရှိရင် ရေတွင်းပဲတူးတူး၊ အိမ်သာကျင်းပဲတူးတူး၊ အဆောက်အဦဆောက်ဖို့ တွင်းပဲတူးတူး သုံးပေလောက်ဆိုရင် ရေကထွက်လာ တယ်။ ထွက်လာတဲ့ရေက မသန့်ရှင်းဘူး။ ဒီရေဆိုးတွေက သောက်ရေ၊ သုံးရေ၊ စွန့်ပစ်ရေထဲမှာ လုံးချာပတ်ချာလည်နေတော့ ဒေသခံများရဲ့လူမှုဘဝက နိမ့်ကျပြီးတော့ ရောဂါဘယထူပြောလာပါ တယ်။ ညောင်လွန်းတို့၊ ရွှေပေါ်ကျွန်းတို့၊ ရွှေပေါ်ကုန်းတို့ရွာတွေဟာ ယခင်နှစ်ထောင်ပေါင်းများစွာ ကတည်းကနေပြီးတော့တည်ခဲ့ပြီးတော့ အလွန်သာယာလှပတဲ့ရွာတွေဖြစ်ပါတယ်။ ဒီဆည်ကြီး ရေလှောင်လိုက်တဲ့အခါမှာကျတော့ ရေကအပေါ်ကရောက်လာတဲ့အတွက်ကြောင့်မို့လို့ ဘုန်းကြီး ကျောင်း၊ ဘုရား၊ စေတီပုထိုး၊ စာသင်ကျောင်း၊ လမ်း၊ လူနေအိမ်တွေမှာ ရေတွေစိမ့်ပြီးတော့ ဗွက်တွေထတယ်။ ဒုန်တွေပေါက်ကုန်တယ်။ ရေတစ်စက်စက်နဲ့ စိုစိစိုစိနဲ့နေလို့မရတော့ဘူး။ ဘုရား ကျောင်းသွားလို့မရတော့ဘူး။ စာသင်လို့အဆင်မပြေဘူး။ ပညာရေး၊ ကျန်းမာရေး လူစဉ်မမီတော့ ပါဘူး။ အဲဒီတော့ ဒီရွာသားတွေက ဘယ်လိုမှမတတ်သာတဲ့အဆုံး ရွာပြင်ထွက်ပြီးတော့ တောထဲတို့၊ လယ်ထဲတို့၊ သချိုင်းဘေးတို့မှာ တဲထိုးပြီးနေနေရပါတယ်။ ရွာပျက်သလိုကိုဖြစ်သွားကြပါတယ်။ နှစ်ပေါင်းများစွာ ကိုယ့်ဟာကိုယ်အေးအေးချမ်းချမ်းနေလာခဲ့တဲ့လူတွေ ဒုက္ခရောက်ကုန်ကြပါတယ်။

အလကားနေရင်း၊ ကိုယ့်ဘာသာကိုယ်နေရင်း အိပ်ယာအောက်ရေဝင်တယ်ဆိုတာ ဒါမျိုးကိုခေါ်တယ်လို့ထင်ပါတယ်။

နောက်တစ်ခုက မြို့ဘေးဆည်ရောက်လာတဲ့အခါကျတော့ ဂရန်ပေါက်မြေကွက်တွေအပါအဝင် တော်တော်များများပြောင်းရွှေ့ပေးရတယ်။ လက်ရှိက လက်မဲ့ဖြစ်တယ်။ မြို့ပတ်လည်ကမြေကွက်တွေ အကုန်လုံးရေဝပ်ဆုံးရှုံးသွားကြရတယ်။ စိုက်ပျိုးမြေဧက ၃၀ ကျော်က ရေဝပ်ဧရိယာထဲပါသွားတယ်။ အဲ့ဒါတင်မကဘူး။ မိုးရာသီမှာဆိုရင် ဆည်ရေထောက်တဲ့အခါမှာ ရေကြီးပြီးတော့ ဧကရာနဲ့ချီပြီး သီးနှံတွေပျက်စီးဆုံးရှုံးရတယ်။ ဒါ့အပြင် ဒီမြစ်သားမြို့နယ်က ကသောင်းမြောင်းအပါအဝင် ပတ်ဝန်းကျင်မှာရေဝပ်တော့ ဗေဒါတွေ၊ ဒိုက်တွေ၊ စဥ့်မှီးတိုင်တွေ၊ ကိုင်းတောတွေထဲမှာ ခြင်အောင်းပါတယ်။ ယင်အောင်းပါတယ်။ အဲဒီလိုအောင်းတဲ့အခါကျတော့ ကူးစက်ရောဂါနဲ့ရောဂါဘယမျိုးစုံကို ခံစားရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ အထက်ပါအချက်များကြောင့် ဒီစမာရေလွှဲဆည်ကို မြစ်သားတစ်မြို့လုံးအပါအဝင် အနီးအနားရွာများက လုံးဝမထောက်ခံကြပါဘူး။ နည်းမျိုးစုံနဲ့ အမျိုးမျိုးကန့်ကွက်ခဲ့ကြပါတယ်။ အကျိုးဖြစ်ထွန်းမှုမရှိသလောက်နည်းတဲ့၊ ဒုက္ခပေါင်းစုံ ပေးတဲ့ဒီဆည်ကြီးကို ဖျက်သိမ်းဖို့အတွက် မြို့ကဆန္ဒပြတောင်းဆိုတဲ့အထိဖြစ်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ ငြိမ်းစုစီဥပဒေပြဋ္ဌာန်းပြီးကာစ မြန်မာနိုင်ငံရဲ့ပထမဆုံးလူထုဆန္ဒပြပွဲလို့ပြောလို့ရတဲ့ စမာရေလွှဲဆည် အပြီးတိုင်ဖျက်သိမ်းရေးဆန္ဒပြပွဲကို မြစ်သားတစ်မြို့လုံးက တစ်ခဲနက်ထောက်ခံဝိုင်းဝန်းပေးခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြခဲ့တာတွေက ကျွန်တော်ကိုယ်စားလှယ်မဖြစ်မီနဲ့ ဖြစ်ပြီး ကာလတစ်လျှောက်လုံး ကျွန်တော်ကိုယ်တိုင်ကွင်းဆင်းပြီး မြင်တွေ့ခဲ့ရတာကို တင်ပြတာပဲဖြစ်ပါတယ်။ သို့ပါသဖြင့် ဒုက္ခတွေပင်လယ်ဝေ အလကားနေရင်းအိပ်ယာအောက်ရေဝင်နေကြသော ပြည်သူ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် အသနားခံခြင်းများစွာနဲ့ မေးမြန်းလိုတာကတော့ (၁) EIA, SIA, HIA စစ်တမ်းကောက်ယူခြင်းမရှိခဲ့သော ဒေသခံများရဲ့သဘောတူညီချက်လုံးဝမရှိသော ဆည်ရေလှောင်မှုကြောင့် ဒုက္ခမျိုးစုံပေးသော ပြည်သူမလိုလားသည့် စမာရေလွှဲဆည်အား အပြီးတိုင်ဖျက်သိမ်းရန် အစီအစဥ်ရှိ/မရှိ၊ (၂) ဖျက်သိမ်းရန်အစီအစဥ်မရှိပါက အဆိုပါရေလွှဲဆည်ရေတံခါးအား ၁၂ ရာသီ ပတ်လုံးဖွင့်ထားပြီး ရေသိုလှောင်ခြင်းမပြုလုပ်ရန်အစီအစဥ်ရှိ/မရှိ၊ (၃) အထက်ပါအစီအစဥ်များ

မရှိပါက အဘယ်ကြောင့်နည်းဟု ရှိသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်အနေနဲ့ မေးခွန်းကို ရိုးရိုးရှင်းရှင်းမေးလို့ရပါတယ်။ ဒီလို Power Point မျိုးကို သတိထားဖို့လိုပါတယ်။ ဒါဟာ ဒီ Power Point မပါလို့လည်း ဒီမေးခွန်းကဘာမှ ထိခိုက်သွားမှာမဟုတ်ပါဘူး။ မေးခွန်းရဲ့လိုရင်းနဲ့ အနှစ်သာရလည်း ပျောက်သွားမှာမဟုတ်ပါဘူး။ ကျွန်တော်အခုသက်ဆိုင်ရာတာဝန်ရှိတဲ့သူကို ခေါ်မေးတယ်။ ဒီ Power Point ထိုးဖို့ကို ကြိုသိ၊ မသိမေးတယ်။ ကိုယ်စားလှယ်ကပြောတယ်တဲ့။ ကျွန်တော်တာဝန်ယူမယ်ပြောတယ်တဲ့။ ကိုယ်စားလှယ်တာဝန်ယူလို့မရဘူး။ လောလောဆယ်တော့ ကိုယ်စားလှယ်တာဝန်ယူမယ်ဆိုတော့ တာဝန်တော့ယူရမယ်။ ဒါကလွှတ်တော်အစည်းအဝေးကျင်းပနေတာ။ ကျွန်တော်တာဝန်ယူတယ်ဆိုပြီးတော့ ဒီလို Power Point မျိုးထိုးခွင့်မရှိဘူး။ နောက်ကို ကျွန်တော်အခုတစ်ခါတည်း သက်ဆိုင်ရာတာဝန်ရှိတဲ့ သူတွေကိုမှာထားပါမယ်။ ကိုယ်စားလှယ်ကတာဝန်ယူတယ်ပဲပြောပြော၊ တာဝန်ခံတယ်ပဲပြောပြော လွှတ်တော်တစ်ခုလုံးကိုတာဝန်ယူရတာကျွန်တော်။ တာဝန်ခံရတာကျွန်တော်။ အဲဒါကိုတော့ သတိချပ်စေချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလင်းလင်းကျော်ရဲ့ မြစ်သားမြို့ဘေးကပ်လျက်တည်ရှိထားတဲ့ ပြည်သူမလိုလားသော စမာရေလွှဲဆည်အား အပြီးတိုင်ဖျက်သိမ်းရန်အစီအစဉ်ရှိ/မရှိ၊ ဖျက်သိမ်းရန်အစီအစဉ်မရှိပါက အဆိုပါစမာရေလွှဲဆည်ရေတံခါးအား ၁၂ ရာသီပတ်လုံးဖွင့်ထားပြီး ရေသိုလှောင်မှုမပြုလုပ်ဖို့အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်များမရှိပါက အဘယ်ကြောင့်သိရှိလိုခြင်းနှင့်စပ်လျဉ်းပြီး ဖြေကြားပါမယ်။

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ပန်းလောင်မြစ်ပေါ်မှာတည်ရှိတဲ့ စမာရေလွှဲဆည်ဟာ ပန်းလောင်မြစ်အထက်မှာရှိတဲ့ ယခင်တည်ဆောက်ထားခဲ့တဲ့ ကင်းတားရေလှောင်တမံနှင့် ရေလွှဲဆည်အဆင့်ဆင့်တို့ကနေ ပိုလျှံလာတဲ့ရေတွေကို ထပ်မံစုဆောင်းပြီး ဒေသတွင်းမူလကတည်းက၊

၁၈၉၁ ခုနှစ်ကတည်းက တည်ဆောက်ခဲ့တဲ့ ကျီးမဲရေလွှဲဆည်နဲ့ စမာတူးမြောင်းကြီးရဲ့ ပထမတူးမြောင်းကနေ ကျောက်ဆည်နှင့်မြစ်သားမြို့နယ်အတွက် ဆည်ရေသောက်ဧရိယာ ၁၉၉၁၆ ဧကကို ရေလုံလောက်စွာပေးဝေနိုင်ဖို့ ရေကူဖြည့်တင်းပေးနိုင်ရေးဆောင်ရွက်တဲ့အခြေအနေလည်းရှိပါတယ်။ ဒုတိယတူးမြောင်းကနေပြီးတော့ မြစ်သားမြို့နယ်အတွင်းမှာရှိတဲ့ ဆည်ရေသောက်လယ်မြေဧက ၁၈၀၀ ဧက တိုက်ရိုက်ရေပေးဝေနိုင်ဖို့နဲ့ တတိယမြောင်းကနေတစ်ဆင့် မြစ်သားမြို့နယ်အတွင်းမှာ ဆည်ရေသောက်ဧရိယာ ၁၅၂၇ ဧကကို ရေလုံလောက်စွာပေးဝေနိုင်ဖို့ရည်ရွယ်ချက်များနဲ့ ၁၉၉၇-၁၉၉၈ ခုနှစ်ကတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါတယ်။ ထိုစဉ်ကစုစုပေါင်းရန်ပုံငွေကျပ် ၃၆ သန်းကုန်ကျခဲ့မှုရှိကြောင်း သိရှိရပါတယ်။

စမာရေလွှဲဆည်မှာ မိုးရာသီမှာ မိုးသည်းထန်စွာရွာတဲ့အတွက် ပန်းလောင်မြစ်အတွင်းမှာ စီးဝင်ရေများပြားလာတဲ့အခါမှာ မြစ်သားမြို့နယ်အနီးပတ်ဝန်းကျင်ရှိရွာတွေဟာ ရေကြီးရေလျှံမှုဖြစ်ပေါ်လာခဲ့လျှင် ရေကြီးရေလျှံမှုလျော့ပါးသက်သာစေဖို့အတွက် ရေလွှဲဆည်၏လက်ယာဘက်ရေထိန်းတာပေါင်ကို အရေးပေါ်ချိုးဖောက်ပေးရလေ့ရှိခဲ့ပါတယ်။ ဒီလို ရေကြီးရေလျှံမှုဖြစ်ပေါ်ခြင်းနှင့်အတူ ကျန်းမာရေးထိခိုက်မှု၊ သဘာဝပတ်ဝန်းကျင် သန့်ရှင်းရေးထိခိုက်မှုတွေဟာလည်းပဲ အထိုက်အလျောက်ဖြစ်ပေါ်လေ့ရှိတဲ့အတွက် ရေကြီးရေလျှံမှုကို လိုအပ်သလိုထိန်းညှိနိုင်ဖို့အတွက် ရေလွှဲဆည်အနီးမှာ သဲထုတ်ရေတံခါးတစ်ခုကို ၂၀၁၂ ခုနှစ်မှာ တည်ဆောက်ခဲ့ပါတယ်။ စုစုပေါင်းကျပ်သန်းပေါင်း ၇၀၀ ကုန်ကျခဲ့ပါတယ်။

သဲထုတ်ရေတံခါးမတည်ဆောက်မီက စမာရေလွှဲဆည်၏ ရေအမှတ် Sea Level ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၀၀ ပေထက်ကျော်လို့ရှိရင် မြစ်သားမြို့နှင့်အနီးပတ်ဝန်းကျင်ကျေးရွာများ ရေကြီးနစ်မြုပ်မှုရှိခဲ့ပါတယ်။ သဲထုတ်ရေတံခါးတည်ဆောက်ခဲ့တဲ့ ၂၀၁၂ ခုနှစ်နောက်ပိုင်းမှစပြီး ပန်းလောင်မြစ်ရေကြီးရေလျှံလို့ရှိရင် သဲထုတ်ရေတံခါးမှ အချိန်နှင့်တစ်ပြေးညီရေထိန်းညှိ လျှော့ချပေးနိုင်တဲ့အတွက်ကြောင့် အမြင့်ဆုံးရေအမှတ် Sea Level ဟာ ပင်လယ်ရေမျက်နှာပြင်အထက် ၃၀၀ အောက်သာရှိခဲ့တဲ့အတွက် ရေကြီးရေလျှံမှုလျော့ပါးသက်သာမှုအခြေအနေရှိပါတယ်။

ဆည်ရေပေးဝေခြင်း၏ ရေလှည့်သဘောတရားအရ သဲထုတ်ရေတံခါးအားပိတ်ပြီး စမာဒုတိယမြောင်းမှ ရေပေးဝေခြင်းဆောင်ရွက်သောကာလဟာ ငါးရက်မှ ခုနစ်ရက် ကြာမြင့်ပါတယ်။

**မူကြမ်း**

ရေလှည့်တစ်ကြိမ်ပေးပြီးလျှင် သုံးရက်မှလေးရက်ခန့် ရေဖွင့်ထုတ်ထားတဲ့အတွက်ကြောင့်မို့လို့ ရေစီးဆင်းရာလမ်းကြောင်းမှာရှိတဲ့ ချောင်း၊ မြောင်းတွေမှာ ခြင်၊ ယင်များပေါက်ဖွားပြီး ကျန်းမာရေး ထိခိုက်ခြင်း၊ သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေးထိခိုက်ခြင်းကိုလည်းပဲ ဖြေရှင်းပေးနိုင်တဲ့အခြေအနေ ရှိခဲ့ပါတယ်။ စမာရေလွှဲဆည်အတွင်း ရေသိုလှောင်မှုကြောင့် မြစ်သားမြို့နှင့်အနီးပတ်ဝန်းကျင် ကျေးရွာများမှာရှိတဲ့ ရေတွင်းတွေဟာလည်းပဲ လူကိုအန္တရာယ်ဖြစ်စေတဲ့ အာဆင်းနစ်နှင့် အခြားဓာတ်ပေါင်း များပါဝင်မှုရှိ/မရှိကိုလည်း ၂၀၁၂ ခုနှစ် ဇူလိုင်လအတွင်းက မြစ်သား မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနက ဒေသတွင်းရှိ ရေတွင်းတွေရဲ့ရေနမူနာ ၃၄ ခုကိုကောက်ယူ စုဆောင်းခဲ့ပါတယ်။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနကလည်းပဲ ၂၀၁၆ ခုနှစ် မေလအတွင်းမှာ ဒေသတွင်းရှိရေတွင်းများကနေပြီး ရေနမူနာ ၁၅ ခု ကောက်ယူစုဆောင်းပြီး သက်ဆိုင်ရာဓာတ်ခွဲခန်းတွေမှာ ရေရဲ့အရည်အသွေးတွေကို စစ်ဆေးခဲ့ပါတယ်။ ဒီလိုစစ်ဆေးခဲ့ရာ လူကိုအန္တရာယ်ဖြစ်စေတဲ့ အာဆင်းနစ်နှင့်အခြားဓာတ်ပေါင်းများပါဝင်ခြင်းမရှိဘဲ သောက်သုံးရန် သင့်တော်သောရေဖြစ်ကြောင်း ပြန်ကြားခဲ့တဲ့အတွက်ကြောင့်မို့လို့ ဒေသခံပြည်သူများသိရှိစေဖို့ ထုတ်ပြန်အသိပေးပြီးလည်း ဖြစ်ပါတယ်။ စမာရေလွှဲဆည်တည်ဆောက်စဉ်က အခြေအနေ၊ အချိန်အခါအရ ထိုစဉ်ကာလက တစ်လကို ဆည်တစ်ဆည်ဖွင့်လှစ်နိုင်ရေးကို တွန်းအားပေး ဆောင်ရွက်တဲ့အလျောက် EIA, SIA လို့ခေါ်တဲ့ Economic Impact Assessment နဲ့ Social Impact Assessment စာတမ်းများ၊ စစ်တမ်းများ ကောက်ယူခြင်းမရှိခဲ့တာကို တွေ့ရပါတယ်။ ဒေသတွင်းလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရှိရင်းစွဲရေအရင်းအမြစ်များ အလဟဿ လေလွင့်ဆုံးရှုံးခြင်းမရှိစေအောင်ထိန်းသိမ်းသိုလှောင်နိုင်ရေး ရည်ရွယ်ချက်နှင့် ဒီစမာရေလွှဲဆည်ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် စမာရေလွှဲဆည်က ရေကြီးရေလျှံမှုမဖြစ်အောင် သဲထုတ်ရေတံခါးဖြင့် ထိန်းညှိထုတ်လွှတ်ပေးပြီး မြစ်သားမြို့နှင့် ကျောက်ဆည်မြို့နယ်အတွင်းမှာရှိတဲ့ လယ်ယာမြေဧရိယာ ၂၃၂၄၃ ဧကကို စိုက်ပျိုးရေပေးဝေ အကျိုးပြုလျက်ရှိတဲ့အနေအထားရယ်၊ ရေတွင်းများမှာ မြေအောက်ရေမြင့်တက်ပြီး သောက်သုံးရေ အဆင်ပြေစေမှု၊ မီးဘေးအန္တရာယ်အတွက် ရေအရန်သင့်ရှိခြင်း စတဲ့အထောက်အကူများရှိတဲ့အတွက် စမာရေလွှဲဆည်အား ဖျက်သိမ်းရန်အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

စမာရေလွှဲဆည်အား ဖျက်သိမ်းခြင်းမရှိပါက ၁၂ ရာသီပတ်လုံးဖွင့်ထားတဲ့ ရေသိုလှောင်မှု မပြုလုပ်ဖို့ စီအစဉ်ရှိ/မရှိနှင့် အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်းဆိုသည့် မေးခွန်းနှင့်

**မူကြမ်း**

ပတ်သက်ပြီး ဆက်လက်ရှင်းလင်းဖြေကြားပါမယ်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ စမာရေလွှဲဆည်နှင့်ပတ်သက်တဲ့ စီမံဆောင်ရွက်ရမည့်လုပ်ငန်းစဉ်တွေကို လိုအပ်သလိုစီမံဆောင်ရွက်လျက်ရှိတဲ့အပြင် စမာရေလွှဲဆည်၏အကျိုးဖြစ်ထွန်းမှုအခြေအနေများကိုလည်း တင်ပြပါအတိုင်း ဒေသနေပြည်သူများကို ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှာ မြစ်သားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမမှာ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဆည်ရေသောက်ဧရိယာအတွင်းရှိ ဒေသခံတောင်သူလယ်သမားများနှင့်တွေ့ဆုံပြီး ဆည်မြောင်းနှင့်ရေအသုံးချရေးစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဒေသခံပြည်သူများ၊ တောင်သူလယ်သမားတွေရဲ့လူမှုစီးပွားဘဝထိခိုက်ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် ပွင့်လင်း မြင်သာစွာ စီမံဆောက်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဆွေးနွေးတင်ပြခဲ့ပြီးလည်းဖြစ်ပါတယ်။ လက်ရှိမှာ မိုးစပါးရေပေးဝေမှုအရ သဲထုတ်ရေတံခါးက ရေဖွင့်/ပိတ်ခြင်းလုပ်ငန်းစဉ်ကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့မှ ၁၄ ရက်နေ့ထိတစ်ကြိမ် သဲထုတ်ရေတံခါးအား ပိတ်၍စိုက်ပျိုးရေပေးဝေခဲ့ပြီးတဲ့နောက် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့ကနေပြီးတော့ နိုဝင်ဘာလ ၁၈ ရက်နေ့အထိ ရေပြန်လည်ဖွင့်ထုတ်ပေးထားခဲ့ပါတယ်။ ဆက်လက်ပြီး ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ကနေပြီးတော့ နိုဝင်ဘာလ ၂၄ ရက်နေ့အထိ သဲထုတ်ရေတံခါးအား ပြန်လည်ပိတ်ပြီး စိုက်ပျိုးရေ ပေးဝေခဲ့တဲ့အတွက် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့ကနေပြီးတော့ နိုဝင်ဘာလ ၂၉ ရက်နေ့အထိ သဲထုတ်ရေတံခါးအား ပြန်လည်ဖွင့်ထုတ်ပေးခဲ့ပါတယ်။ မိုးစပါးစိုက်ပျိုးရေ ထပ်မံလိုအပ်မှုရှိသေးတဲ့အတွက် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ကနေပြီးတော့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့အထိ သဲထုတ်ရေတံခါးအားပိတ်ပြီး နောက်ဆုံးအကြိမ်အနေနဲ့ စိုက်ပျိုးရေပေးဝေခဲ့တဲ့အလျောက် သဲထုတ်ရေတံခါးအား ပြန်လည်ဖွင့်ထုတ်ပေးထားပြီးဖြစ်ပါတယ်။ ယခုအခါ နွေစပါးရေပေးဝေချိန်ရောက်ရှိလျှင် တင်ပြပါအတိုင်း သဲထုတ်ရေတံခါးအားဖွင့်/ပိတ်စနစ်နဲ့ လိုအပ်သလို စီမံဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် စမာရေလွှဲဆည်မှာ မြစ်သားနှင့်ကျောက်ဆည်အတွင်းမှာရှိတဲ့ ဆည်ရေသောက်လယ်မြေဧက ၂၃၂၄၃ ဧကအား စိုက်ပျိုးရေလုံလောက်အောင်ပေးဝေနိုင်ခြင်း၊ ဒေသတွင်းမြေအောက်ရေမြင့်တက်စေခြင်းနှင့် မီးဘေးအန္တရာယ်အတွက် ရေအရန်သင့်ရှိစေခြင်းတို့ကြောင့် ဒေသရဲ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်အကျိုးပြုလျက်ရှိကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ နိုင်ငံတော်မှဘဏ္ဍာငွေ မြောက်မြားစွာ အကုန်အကျခံ

တည်ဆောက်ပေးထားတဲ့ ဆည်မြောင်းနှင့်ရေအသုံးချမှုဆိုင်ရာ ဒေသဖွံ့ဖြိုးရေးအခြေခံ အဆောက်အအုံတစ်ခုဖြစ်တဲ့အတွက် အပြီးတိုင်ဖျက်သိမ်းရန်အစီအစဉ်မရှိပါကြောင်းနှင့် မိုးစပါးနှင့်နွေစပါးစိုက်ပျိုးရာသီမှာ ဆည်ရေသောက်စနစ်ရဲ့ ရေလှည့်ဇယားအရ စမာရေလွှဲဆည် သဲထုတ်ရေတံခါး၀ အားဖွင့်/ပိတ်စနစ်ဖြင့် လိုအပ်သလိုစီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာလင်းလင်းကျော်(မြစ်သားမဲဆန္ဒနယ်)**။ ။ ယခုလို ဖြေကြားသွားတဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးကို ကျွန်တော်အထူးပဲကျေးဇူးတင်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က စောစောက Power Point လေးကလည်း ဥပဒေနှင့်အညီ အဲဒီတုန်းက လုပ်ခဲ့အတွက်ကြောင့်မို့လို့ ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။ မှားယွင်းသွားရင်လည်း ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ်။ ကျွန်တော်ဒီဟာနှင့်ပတ်သက်ပြီး ဆက်စပ်မေးခွန်းမေးချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တော်ပြီ။ တစ်ဆက်တစ်စပ်တည်းမေးခွန်းမဟုတ်ဘူး။ ဒါကို ပြန်ရှင်းဖို့ မဟုတ်ဘူး။ တော်ပါပြီ။ မပေးတော့ဘူး။

**တင်ဒါအောင်မြင်ပြီးသော ကန်ထရိုက်တာ Company များအနေဖြင့် လုပ်ငန်းအခြေအနေများကို ပြန်လည်ညှိနှိုင်းခွင့်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဌေးမင်းသိန်း(ကြို့ပင်ကောက်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမင်းသိန်း ဖြစ်ပါတယ်။ ယနေ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့အကြောင်းအရာကတော့ တင်ဒါအောင်မြင်ပြီးသော ကန်ထရိုက်တာကုမ္ပဏီများအနေဖြင့် လုပ်ငန်းအခြေအနေများကို ပြန်လည်ညှိနှိုင်းခွင့်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရမှ ဘဏ္ဍာရေးနှစ်အလိုက် ငွေလုံးငွေရင်းဘဏ္ဍာငွေ၊ ဖြည့်စွက်ဘဏ္ဍာငွေ ခွဲဝေလျာထားမှုတွေဖြင့် သက်ဆိုင်ရာမြို့နယ်အလိုက် တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် ကျောင်း၊ ဆေးရုံ၊ လမ်းတံတား၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖော်ဆောင်လျက် ပြည်သူတွေရဲ့ပညာရေး၊ ကျန်းမာရေး၊

ဆက်သွယ်ရေးအစရှိသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ဘတ်ဂျက်လျာထားမှုတွေအရ ရရှိသည့်လုပ်ငန်းများအလိုက် တင်ဒါပေး၍ ဆောင်ရွက်စေပြီး ပွင့်လင်းမြင်သာစွာဖြင့် တင်ဒါရွေးခဲ့ကြပါသည်။ လုပ်ငန်းအလိုက် တင်ဒါအောင်ကန်ထရိုက်တာကုမ္ပဏီများရရှိခဲ့ပါတယ်။ မြို့နယ်အလိုက် တည်ဆောက်ရေးလုပ်ငန်းများဖော်ဆောင်ရာ၌ အထူးသဖြင့် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဖော်ဆောင်မည့်လမ်းတံတားများအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ကြီးကြပ်ရေးကော်မတီ၊ သက်ဆိုင်ရာဌာန၊ လုပ်ငန်းလုပ်ဆောင်ရာဒေသရှိ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ကုမ္ပဏီတာဝန်ရှိသူတို့ အစည်းအဝေးပြုလုပ်ကာ လုပ်ငန်းလုပ်မည့်သတ်မှတ်ဘဏ္ဍာငွေ လျာထားမှု၊ လုပ်ငန်းအခြေအနေ၊ ဆောင်ရွက်မည့်အချိန်၊ BP၊ BQ ကအစ ဆွေးနွေးခဲ့ကြရပါတယ်။ သို့သော် ကုမ္ပဏီအနေဖြင့်တင်ပြသည်မှာ ၎င်းတို့ကွင်းဆင်းသည့်အခါ လုပ်ငန်းနှင့်ခွင့်ပြုဘဏ္ဍာငွေလျာထားမှုမှာ မဖြစ်နိုင်၍ အထက်သို့ညှိနှိုင်းဦးမည်ဟု တင်ပြမှုများလည်း ရှိပါတယ်။ ထို့ကြောင့် ယင်းလုပ်ငန်းနှင့်တင်ဒါအောင်မြင်ပြီးသော ကန်ထရိုက်တာများအနေဖြင့် အလျော့အတင်းရှိနေ၍ အဂတိလိုက်စားမှုများ ရှိနေနိုင်ပါတယ်။ သို့ဖြစ်ပါ၍ တင်ဒါအောင်မြင်ပြီးသော ကန်ထရိုက်တာအနေဖြင့် လုပ်ငန်းအခြေအနေများကို ပြန်လည်ညှိနှိုင်းခွင့် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလို ကြို့ပင်ကောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမင်းသိန်းရဲ့ မိမိရဲ့ဒေသဖွံ့ဖြိုးတိုးတက်ရေးမှာ နိုင်ငံတော်ရဲ့ဘဏ္ဍာရန်ပုံငွေ ထိရောက်အကျိုးရှိစွာ သုံးစွဲနိုင်ရေးနှင့်စပ်လျဉ်းပြီး တင်ဒါနဲ့ပတ်သက်တဲ့မေးခွန်းကို မေးမြန်းပေးတဲ့အတွက် များစွာကျေးဇူးတင်ရှိပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ တင်ဒါလုပ်ငန်းစဉ်တွေကို တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ကျယ်ကျယ်ပြန့်ပြန့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံပိုင်သတင်းစာများတွင် တင်ဒါကြော်ငြာခြင်း၊ တင်ဒါစည်းကမ်းချက်များရှင်းလင်းခြင်း၊ တင်ဒါပိတ်ရက်မှာ နည်းပညာအဆိုပြုလွှာနှင့် ဈေးနှုန်းအဆိုပြုလွှာများ စစ်ဆေးခြင်းတို့ကို သတ်မှတ်

လမ်းညွှန်ချက်များအတိုင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းပေးထားတဲ့ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ကနေ ညွှန်ကြားချက်များနှင့်အညီ ပွင့်လင်းမြင်သာစွာ ရွေးချယ်ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းတွေအတွက် တင်ဒါစည်းကမ်းချက်မှာ လျှောက်ထားတဲ့ ကုမ္ပဏီတွေနဲ့ မိမိဆောင်ရွက်ရမည့်လုပ်ငန်းတည်နေရာကို မြေပြင်မှာကွင်းဆင်းကြည့်ရှုစစ်ဆေးပြီးတော့ ခန့်မှန်းတွက်ချက်တင်ပြစေဖို့ရန်လည်း ထည့်သွင်းထားခဲ့ပါတယ်။

တင်ဒါအောင်မြင်သူအနေနဲ့ မူလဈေးနှုန်း သို့မဟုတ် တင်ဒါဆိုင်ရာအခြားသတ်မှတ်ချက်များကို ပြုပြင်ပြောင်းလဲရန် တောင်းဆိုခြင်းများ မပြုဖို့။ ဒါ့အပြင် တင်ဒါအောင်မြင်သူတွေဟာ တင်ဒါခေါ်ယူစဉ်က ထည့်သွင်းဖော်ပြထားခြင်းမရှိတဲ့လုပ်ငန်းတွေကို တာဝန်ယူလုပ်ကိုင်စေခြင်း (သို့မဟုတ်) ယင်းတာဝန်ကို ယူစေဖို့ မူလတင်သွင်းတဲ့တင်ဒါကို ပြောင်းလဲပြင်ဆင်ခြင်းများမရှိအောင် ထည့်သွင်းပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်မို့လို့ တင်ဒါအောင်မြင်သောကုမ္ပဏီများအနေနဲ့ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့က ရွေးချယ်အတည်ပြုတဲ့လုပ်ငန်းအမျိုးအစား၊ အတိုင်းအတာ၊ စံချိန်စံညွှန်းနှင့် လုပ်ငန်းတန်ဖိုးအစရှိတဲ့ လုပ်ငန်းအခြေအနေတွေကို ပြန်လည်ညှိနှိုင်းခွင့်၊ ပြောင်းလဲဆောင်ရွက်ခွင့်မရှိဖို့ တင်ဒါလုပ်ငန်းကရရှိသူဟာ တင်ဒါဆိုင်ရာစည်းကမ်းချက်များနှင့်အညီ အရည်အချင်းပြည့်ဝစွာ ဆောင်ရွက်ဖို့ တာဝန်ရှိပါတယ်။ သို့သော် သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ အရေးပေါ်အခြေအနေအရ အဖွဲ့အစည်းတစ်ခုခုမှ ကြိုတင်ဆောင်ရွက်ခဲ့ခြင်းကြောင့်သော်လည်းကောင်း၊ ဆောင်ရွက်မည့်အချိန်မှာ အခြေအနေအရဆောင်ရွက်၍ မရသဖြင့်လည်းကောင်း (ဥပမာအားဖြင့် မူလသတ်မှတ်ချက်အတိုင်း ဆောင်ရွက်၍မရခြင်း၊ ဆောင်ရွက်ပြီးဖြစ်သဖြင့် အခြားနေရာသို့ ပြောင်းရွှေ့ဆောင်ရွက်ရန်လိုအပ်ခြင်း၊ မြေသားလမ်းများ၊ မြေသားရေကန်များ ဆောင်ရွက်ရာမှာ ဖြတ်သန်းခံရတဲ့ လယ်မြေပိုင်ရှင်တို့နှင့် ညှိနှိုင်းမရခြင်း၊ စက်ရေတွင်းများ တူးဖော်ရာမှာ မြေအောက်ရေကြောမကောင်းတဲ့အတွက် ရေထွက်နည်းခြင်းစတဲ့ ဖွံ့ဖြိုးမှုလုပ်ငန်းတွေအတွက်)လုပ်ငန်းများ ပြောင်းဆောင်ရွက်ဖို့လိုအပ်လို့ရှိရင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒေသခံကျေးရွာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖတို့က ကွင်းဆင်းစစ်ဆေးညှိနှိုင်းဆုံးဖြတ်ပြီး ပြောင်းလဲဆောင်ရွက်လိုတဲ့ လုပ်ငန်းကို သက်ဆိုင်ရာကျေးလက်ဦးစီးဌာနမှတစ်ဆင့် ခရိုင်/တိုင်းဒေသကြီးကျေးလက်ဦးစီးဌာနသို့ အဆင့်ဆင့်တင်ပြအကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါတယ်။

**မူကြမ်း**

လုပ်ငန်းပြောင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီးရဲ့ ဦးစီးမှူးတစ်ဦးတည်းက ဆုံးဖြတ်ချက်နဲ့ ဆောင်ရွက်လို့မရပါဘူး။ သက်ဆိုင်ရာမြို့နယ်မှ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် တင်ပြလာတဲ့လုပ်ငန်းတွေကို ခရိုင်/တိုင်းဒေသကြီး ဦးစီးမှူးကစိစစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အတည်ပြုချက်ကို ရယူရပါမည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ သဘောတူထောက်ခံချက်ရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှတစ်ဆင့် ခွင့်ပြုချက်ရရှိရေး၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စိစစ်ပြီးပါက စီမံကိန်းရေးဆွဲရေးဦးစီးဌာန၏ သဘောထားမှတ်ချက်ကို ရယူခြင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရဲ့ ခွင့်ပြုချက်နဲ့ စီမံကိန်းဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြပြီး အဆင့်ဆင့်ဆောင်ရွက်ရပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့မေးခွန်းနှင့်စပ်လျဉ်း၍ တင်ဒါအောင်မြင်သော ကန်ထရိုက်တာများအနေနဲ့ လုပ်ငန်းအခြေအနေတွေကို ပြန်လည်ညှိနှိုင်းခွင့်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ညှိနှိုင်းခွင့်မရှိပါကြောင်းနှင့် အထက်မှာတင်ပြခဲ့တဲ့အတိုင်း မဖြစ်မနေလုပ်ငန်းများ ပြောင်းလဲဆောင်ရွက်ဖို့ လိုအပ်မှသာ အဆင့်ဆင့်အတည်ပြုချက် ရယူဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဦးသိန်းထွန်း၊ သာပေါင်းမဲဆန္ဒနယ်က ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း လွန်ခဲ့သော နှစ်(၈၀) ကျော်ကပင် ပြင်ဆင်သတ်မှတ်ခြင်းမပြုဘဲ စည်းကြပ်ကောက်ခံလျက်ရှိသော မြေခွန်နှုန်းထားများအပြင် ရေခွန်၊ တာတမံခွန်များကိုလည်း ဈေးကွက်စီးပွားရေးနှင့်အညီ ပြောင်းလဲချိန်တန်ပြီဖြစ်၍ နိုင်ငံတော်ရှိ တောင်သူလယ်သမားများ ဝန်ထုပ်ဝန်ပိုး မဖြစ်စေသော အခွန်နှုန်းထားများကို ပြင်ဆင်သတ်မှတ်၊ စည်းကြပ်ကောက်ခံရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးသိန်းထွန်းအား အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် လေ့လာသူအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါ တယ်။ ကျွန်တော် ဒီကနေ့တင်သွင်းမယ့်အဆိုကတော့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း လွန်ခဲ့ သောနှစ်ပေါင်း ၈၀ ကျော်ကပင် ပြဋ္ဌာန်းခဲ့ပြီးတော့ ယခုအချိန်အထိ ပြင်ဆင်သတ်မှတ်ခြင်းမပြုဘဲ ကောက်ခံလျက်ရှိသော မြေခွန်နှုန်းထားများအပြင် ရေခွန်၊ တာတမံခွန်များကိုလည်း ဈေးကွက် စီးပွားရေးစနစ်နှင့်အညီ ပြောင်းလဲချိန်တန်ပြီဖြစ်၍ နိုင်ငံတော်ရှိတောင်သူလယ်သမားများ ဝန်ထုပ် ဝန်ပိုးမဖြစ်စေသော မြေခွန်၊ ရေခွန်၊ တာတမံခွန်များကို ပြင်ဆင်သတ်မှတ်ကောက်ခံရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုပဲဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းမှာ စည်းကြပ်လျက်ရှိတဲ့ မြေခွန်နှုန်း ထားများဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၈၀ ကျော်က ပြဋ္ဌာန်းခဲ့ပြီးတော့ ယခုအချိန်ထိ ပြင်ဆင်သတ်မှတ် ခြင်းမပြုတဲ့ မြေခွန်နှုန်းထားများပဲဖြစ်ပါတယ်ခင်ဗျား။ အဲဒီမြေခွန်နှုန်းထားများကို ကျွန်တော်တို့ လေ့လာလို့ရသလောက်ဆိုရင်တော့ သာမန်အားဖြင့် အနှစ် ၂၀ မှာ တစ်ကြိမ်ပြင်ဆင်သတ်မှတ်ရန်လို တယ်လို့ ကျွန်တော်လေ့လာမိပါတယ်။ တခြားအခွန်အခများကိုလည်း အဆပေါင်းများစွာ တိုးမြှင့် ကောက်ခံနေတဲ့ ကျွန်တော်တို့ တိုင်းရင်းသားတောင်သူလယ်သမားများရဲ့ဘဝ တိုးတက်မြင့်မားရေးကို ရှေးရှုဆောင်ရွက်နေရခြင်းကြောင့် မြေခွန်နှုန်းထားများပြင်ဆင်သတ်မှတ်ခြင်း မပြုခဲ့တာကိုတွေ့ရှိရပါ တယ်ခင်ဗျား။ ဒါကြောင့်မို့ ယခုအချိန်အခါမှာ နိုင်ငံတော်အစိုးရအနေနဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိတဲ့အချိန်မှာ စိုက်ပျိုးရေးသီးနှံများရောင်းချမှုအား လွတ်လပ်စွာရောင်းဝယ်ဖောက်ကား ခွင့်ပြုထားတယ်။ နောက်ပြီးတော့ သီးနှံဈေးနှုန်းများလည်း အထိုက်အလျောက်မြင့်မားလာတယ်။ ဒါ ကြောင့်မို့လို့ လက်ရှိသီးနှံဈေးနှုန်းတွေနဲ့ လိုက်လျောညီထွေမှုရှိဖို့အတွက် အခြားအခွန်အခများကို လည်း လိုက်လျောညီထွေမှုရှိစေရန်အတွက်၊ လယ်မြေဖွံ့ဖြိုးတိုးတက်စေရေးအတွက်၊ ရင်းနှီးမြှုပ်နှံမှု တွေအားကောင်းစေရန်အတွက် အခွန်ထမ်းတောင်သူလယ်သမားများကိုလည်း ဝန်ထုပ်ဝန်ပိုးမဖြစ် စေဘဲ ပေးဆောင်နိုင်စွမ်းရှိတဲ့ သင့်တင့်မျှတသော မြေခွန်နှုန်းထားများကို ပြင်ဆင်သတ်မှတ်စည်းကြပ် ကောက်ခံရန် လိုအပ်လာပါတယ်။ ကျွန်တော်တို့နိုင်ငံတော်မှာ မြေခွန်တစ်ဧကနှုန်းထားတွေက ကိုလိုနီ ခေတ်ကနေယနေ့တိုင် သတ်မှတ်ထားတော့ ကျွန်တော်လေ့လာလို့ရသလောက် အနိမ့်ဆုံးဟာ ၂၅ ပြား၊

အမြင့်ဆုံးကတော့ အမြင့်ဆုံးလယ်မြေကို ၁ ကျပ်ခွဲ၊ ဆည်ရေသောက်က ၉ ကျပ် ၇၅ ပြား၊ ယာမြေ/ ကိုင်းကျွန်းမြေ ၅ ကျပ်၊ ဥယျာဉ်ခြံမြေ ၁၂ ကျပ်၊ ဆည်ရေသောက်ဥယျာဉ်ခြံမြေ ၂၅ ကျပ်၊ ဓနိမြေ ၆ ကျပ်၊ အထူးသီးနှံများဖြစ်တဲ့ ကြံ ၁၀ ကျပ်၊ ဆေးရိုး ၅ ကျပ်နှင့် ကွမ်း၂၂ ကျပ် ပြား ၅၀ ဖြစ်ကြောင်း ကျွန်တော် လေ့လာတွေ့ရှိထားပါတယ်။ အဲဒီတော့ ဒီနှုန်းထားတွေဟာ မြေအမျိုးအစားအလိုက်ပေါ့။ မြေမျိုးကြီးအလိုက်ပေါ့။ အသားတင်အမြတ်အစွန်းအပေါ်မှာ တွက်ချက်ထားတာဖြစ်ပါတယ်။ အဲဒီ တော့ ကိုလိုနီခေတ်မှာဆိုရင် ကျွန်တော်တို့ ဘာသွားတွေ့ရသလဲဆိုတော့ ဒီသတ်မှတ်တဲ့အချိန်ကာလ က စပါးတစ်တင်းကို ၁ ကျပ်ပဲရှိပါတယ်။ အဲဒီ ၁ ကျပ်နှုန်းနဲ့ အဲဒီတုန်းက သူကဘယ်လိုကောက်သလဲ ဆိုတော့ တစ်ဧကအထွက်မှာ ခုနစ်တင်းရရင် ကိုးတင်းလောက်ကောက်ပါတယ်။ အဲဒီတော့ လက်ရှိ ဈေးနှုန်းနဲ့ ဝန်ထုပ်ဝန်ပိုးမဖြစ်စေတဲ့အခြေအနေမျိုးကို သုံးသပ်ပြီးတော့ ဒါတွေကို ဆောင်ရွက်ဖို့လိုအပ် နေပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့အခြေခံစီးပွားရေးကဏ္ဍဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံတော်က ငွေအရင်းအနှီးမြောက်မြားစွာအကုန်အကျခံပြီးတော့ ဆည်မြောင်း တာတမံလုပ်ငန်းများကို တည်ဆောက်ထိန်းသိမ်းပေးလျက်ရှိပါတယ်။ အကျိုးခံစားခွင့်ရ တောင်သူ လယ်သမားများကလည်း ဆည်မြောင်း၊ တာတမံ တည်ဆောက်ထိန်းသိမ်းစရိတ် တစ်စိတ်တစ်ဒေသကို နိုင်ငံတော်သို့ပေးဆောင်ရန်လိုအပ်ပါတယ်။ ၁၉၈၂ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှာ ရေခွန်နှင့်တာတမံ ခွန်ဥပဒေပြဋ္ဌာန်းပြီး ၁၉၈၂-၁၉၈၃ ခုနှစ်မှစတင်ကောက်ခံရာမှာ ရေခွန် တစ်ဧကကို ၁၀ ကျပ်၊ တာတမံခွန် တစ်ဧကကို ၅ ကျပ်ကောက်ခံတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့ကစပြီးတော့ နိုင်ငံတော်မှတည်ဆောက်ထိန်းသိမ်းထားတဲ့ ဆည်ရေသောက် ဧရိယာများ၌ တစ်ဧက စပါးသီးနှံ ၁၉၅၀ ကျပ်၊ အခြားသီးနှံ ၉၀၀ ကျပ်နှုန်း ရေခွန်နှုန်းထားများ ပြင်ဆင်သတ်မှတ် စည်းကြပ်ကောက်ခံတာကို တွေ့ရှိရပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံ လယ်ယာ နှင့်သစ်တောဝန်ကြီးဌာနသို့ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ၁၉၇၆ ခုနှစ်၊ ၁၉၇၉ ခုနှစ်၊ ၁၉၈၉ ခုနှစ်၊ ၁၉၉၀ ခုနှစ်၊ ၁၉၉၁ ခုနှစ်များမှာ တည်ဆဲမြေခွန်နှုန်းထားများကို ပြင်ဆင်သတ်မှတ်စည်းကြပ် ကောက်ခံရန် အဆိုပြုတင်ပြခဲ့ပါတယ်။ ၁၉၇၆ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှာ ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာနမှ လယ်ယာနှင့်သစ်တောဝန်ကြီးဌာနသို့ စိုက်ပျိုးထုတ်လုပ်မှုအသားတင် လက်ကျန်တန်ဖိုး ကိုလည်း စီးပွားရေး၊ လူမှုရေးနှင့် စိုက်ပျိုးရေးအခြေအနေများကို ထည့်သွင်းစဉ်းစားပြီး တစ်ဧက စုစုပေါင်းအထွက်တန်ဖိုး၏ တစ်ရာခိုင်နှုန်းမှ ခုနစ်ရာခိုင်နှုန်းအထိငွေကို မြေခွန်အဖြစ်အခြေခံထား၍

မြေမျိုးကြီးအလိုက်၊ အထူးသီးနှံများအလိုက် အဆတိုးကောက်ခံရန် နိုင်ငံတော်မှထိန်းသိမ်းထားသည့် ဆည်၊ ကန်၊ တာတမံ အတွင်းတည်ရှိပါက အထက်ပါအဆိုပြုနှုန်းထက် ၅ ကျပ်တိုး၍ကောက်ခံရန် အဆိုပြုခဲ့တာကို တွေ့ရပါတယ်။ ၁၉၇၉ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့မှာ လယ်ယာနှင့်သစ်တော ဝန်ကြီးဌာနမှ ဝန်ကြီးအဖွဲ့သို့ ထိုစဉ်က တိုးတက်လာသောကုန်ဈေးနှုန်းများအရ ပျမ်းမျှမြေခွန်နှုန်း အပေါ်အခြေခံ၍ နှစ်ဆမှသုံးဆအထိ တိုးမြှင့်စည်းကြပ်ရန်အဆိုပြုခဲ့ပါတယ်။ ၁၉၈၉ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့မှာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ လယ်ယာနှင့်သစ်တောဝန်ကြီးဌာနသို့ တည်ဆဲ မြေခွန်နှုန်းထားများအပေါ် ၁၀၀ ရာခိုင်နှုန်းတိုးမြှင့်ကောက်ခံရန် တွက်ချက်အဆိုပြုခဲ့ပါတယ်။ ၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှာ လယ်ယာနှင့်သစ်တောဝန်ကြီးဌာနက တည်ဆဲမြေခွန်နှုန်းထား အပေါ် ၂၀၀ ရာခိုင်နှုန်းတိုးမြှင့်ရန်၊ တစ်ဧက အနိမ့်ဆုံး ၅ ကျပ်သတ်မှတ်ရန် အဆိုပြုခဲ့ပါတယ်။ ၁၉၉၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အဖွဲ့ တည်ဆဲမြေခွန်နှုန်းထားအပေါ် နှစ်ဆတိုးမြှင့်ကောက်ခံရန် တစ်ဧကနှုန်းထားကို အနိမ့်ဆုံးအဖြစ် ၅ ကျပ်သတ်မှတ်ရန် အဆိုပြုခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့မှာ ၁၉၉၂-၁၉၉၃ ဘဏ္ဍာ ရေးနှစ်မှအစပြုပြီးတော့ တည်ဆဲမြေခွန်နှုန်းထားအပေါ် သုံးဆတိုးမြှင့်သတ်မှတ်ရန်နှင့် တစ်ဧက အနိမ့်ဆုံးမြေခွန်နှုန်းကို ၅ ကျပ် သတ်မှတ်ရန်တင်ပြမှုကို အကြောင်းအမျိုးမျိုးထောက်ရှု၍ သွယ်ဝိုက် ခွန်ကိုသာကောက်သင့်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အကြောင်းပြန်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့မှာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ၁၉၉၆-၁၉၉၇ ခုနှစ် စပါး၊ နှမ်း၊ မြေပဲ၊ ဝါ၊ ကုလားပဲစတဲ့သီးနှံငါးမျိုးအား တည်ဆဲမြေခွန်နှုန်းထား အပေါ် ၂၅ ဆတိုးမြှင့်ရန်၊ တစ်ဧကနှုန်းထားကို အနိမ့်ဆုံးအဖြစ် ၂၅ ကျပ်တိုးမြှင့်သတ်မှတ်ရန် တင်ပြ ခဲ့ပါတယ်။ ၂၀၀၄ ခုနှစ်၊ ၂၀၀၆ ခုနှစ်များမှာ လည်း လက်ရှိသီးနှံဈေးနှုန်းအကျိုးအမြတ် နှိုင်းယှဉ် စည်းကြပ်ကောက်ခံငွေမှာ အလွန်နည်းသဖြင့် မြေအမျိုးအတန်းအစားအလိုက် အနည်းဆုံး အဆ ၅၀ မှ အများဆုံး အဆ ၁၀၀ အထိ စည်းကြပ်ရန်အဆိုပြုခဲ့ကြောင်း လေ့လာမှတ်သားရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၇ ခုနှစ်၊ ၂၀၀၄ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်များမှာလည်း လက်ရှိသီးနှံ ဈေးနှုန်းအကျိုးအမြတ်နှိုင်းယှဉ်လျှင် စည်းကြပ်ကောက်ခံငွေမှာ အလွန်နည်းသဖြင့် မြေအမျိုး အတန်းအစားအလိုက် အနည်းဆုံး အဆ ၅၀ မှ အများဆုံး အဆ ၁၀၀ အထိ စည်းကြပ်ရန်အဆိုပြုခဲ့ ကြောင်း လေ့လာမှတ်သားရပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးနေပြီ ဖြစ်လို့ ကိုလိုနီခေတ်မှယနေ့တိုင် သတ်မှတ်စည်းကြပ်ကောက်ခံလျက်ရှိသော မြေခွန်နှုန်းထားများဟာ

ခေတ်စနစ်အရ မကိုက်ညီတော့ပါ။ ပြောင်းလဲကောက်ခံရန် အချိန်တန်ပြီဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့ နိုင်ငံတော်ရှိလယ်သမားများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေနိုင်သော မြေခွန်၊ ရေခွန်၊ တာတမံခွန်များကို ပြင်ဆင်သတ်မှတ်စည်းကြပ်ကောက်ခံရန် နိုင်ငံတော်အစိုးရအား အဆိုပြုတိုက်တွန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပိတ်ပါ။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းထွန်း တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်လတ်(မြန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးခင်ဗျား။ ကျွန်တော် ဦးခင်မောင်လတ်၊ မြန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း တင်သွင်းတဲ့ လွန်ခဲ့တဲ့ နှစ် ၈ဝ ကျော်ကပင် ပြင်ဆင်သတ်မှတ်ခြင်းမပြုဘဲ စည်းကြပ် ကောက်ခံလျက်ရှိတဲ့ မြေခွန်နှုန်းထားများအပြင် ရေခွန်၊ တာတမံခွန်များကို ယနေ့ဖြစ်ပေါ်လျက်ရှိတဲ့ တန်ဖိုးများနှင့်အညီ တောင်သူလယ်သမားများ ဝန်ထုပ်၊ ဝန်ပိုးမဖြစ်စေသော အခွန်နှုန်းထားအဖြစ် ပြင်ဆင်သတ်မှတ် စည်းကြပ်ကောက်ခံသွားနိုင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အင်္ဂလိပ်တို့ဟာ ၁၈၂၆ ခုနှစ် မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့စဉ် ကပင် မြေခွန်တော်စနစ် (Land Revenue System) ကို ဆောင်ရွက်ခဲ့ပါတယ်။ ၁၈၇၉ ခုနှစ်မှာ ကွက်စိပ်ကွင်းမြေပုံများနှင့် ကြေးတိုင်စိုက်ပြီး တိကျစွာကောက်ခံခဲ့တဲ့အတွက် မြေခွန်မှ အခွန်ငွေရခဲ့ ပြီး ပိုငွေများကို အိန္ဒိယအစိုးရထံ ထောက်ပံ့ပေးပို့နိုင်ခဲ့ကြပါတယ်။ မြေခွန်နှုန်းထားများဟာ တစ်ဧက လျှင် ၂၅ ပြားကနေ ငါးကျပ်၊ ခြောက်ကျပ်၊ ခုနစ်ကျပ်ခွဲ စသဖြင့် သတ်မှတ်ထားပါတယ်။ ထိုခေတ်က ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ မြေခွန်ကောက်ခံမှုအတွက် ကြေးတိုင်လုပ်ငန်း မြေခွန်၊ ရေခွန်၊ တာတမံခွန်များ စည်းကြပ်ကောက်ခံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပါတယ်။ ကြေးတိုင်ဆိုသည်မှာ ငွေကြေး တိုင်စိုက်ထုသတ်မှတ်ခြင်း၊ မြေခွန်နှုန်းထားအဆိုပြုသတ်မှတ်ခြင်းလုပ်ငန်းများ ဖြစ်ပါတယ်။ ၎င်းမှာ လုပ်ငန်းစဉ်(၃)ရပ် ပါဝင်ပါတယ်။ မူလကြေးတိုင်စိုက်ခြင်း၊ ပြင်ဆင်ကြေးတိုင်စိုက်ခြင်းနှင့် အကျဉ်းချုံး ကြေးတိုင်စိုက်ခြင်း တို့ဖြစ်ပါတယ်။ ပြင်ဆင်ကြေးတိုင်စိုက်ခြင်းလုပ်ငန်းမှာ မြေခွန်ပြင်ဆင် ရန် သတ်မှတ် ဖော်ပြတဲ့ အကြောင်း

အချက်များကို တိကျစွာဖော်ပြထားရှိပါတယ်။ ရေ၊ မြေ၊ သဘာဝ အခြေအနေ ပြောင်းလဲခြင်းနှင့် သီးနှံဈေးနှုန်းပြောင်းလဲခြင်း၊ လမ်းပန်းဆက်သွယ်ရေးပြောင်းလဲခြင်း၊ စိုက်ပျိုးမှု ပုံသဏ္ဍာန် ပြောင်းလဲခြင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်ပြောင်းလဲခြင်း၊ လူနေမှုအခြေအနေ ပြောင်းလဲခြင်း၊ ဆည်၊ မြောင်း၊ တာတမံများတည်ဆောက်မှုပြောင်းလဲခြင်း၊ စီးပွားရေးနှင့် အခြား ပတ်ဝန်းကျင် အခြေ အနေများပြောင်းလဲခြင်းတို့ကြောင့် အခွန်ငွေများကိုလည်း အဆိုပြု ပြောင်းလဲ သတ်မှတ် နိုင်တယ်လို့ ပြဋ္ဌာန်းသတ်မှတ်ထားပါတယ်။ အင်မတန်ကောင်းမွန်တဲ့ဥပဒေ၏ ပြည့်စုံမှုဖြစ်ပါ တယ်။ ဒီအချက် အလက်များနှင့်အညီ ဒီနေ့ အခွန်တော်ပေးဆောင်မှုဟာ မြေပြင်သဘာဝအစစ်အမှန် တန်ဖိုးများနှင့် လိုက်လျောညီထွေရှိမနေမှုကို အလွယ်တကူနိုင်းယှဉ်မြင်တွေ့နိုင်ပါတယ်။

ပြင်ဆင်ကြေးတိုင်စိုက်ခြင်း၊ မြေခွန်တော်ပြောင်းလဲသတ်မှတ်ခြင်းကို ၁၉၇၆ ခုနှစ်ကနေပြီး ၂၀၀၄၊ ၂၀၀၆ ခုနှစ် ရှစ်ကြိမ်ခန့် မြေခွန်တိုးမြှင့်သတ်မှတ်ရန် ဆောင်ရွက်ကြိုးစားအဆိုပြုခဲ့ကြပါတယ်။ ပြောင်းလဲသတ်မှတ်နိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ မြေခွန်များသတ်မှတ်ခြင်းကို မြေအမျိုးအစားပေါ်မူတည်၍ လည်းကောင်း၊ စိုက်ပျိုးတဲ့သီးနှံပေါ်မူတည်၍လည်းကောင်း တွက်ချက်ဆောင်ရွက်ခဲ့ကြပါတယ်။ ယခု ကာလမှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေများမှာ ဒေသအလိုက် တစ်ဧကဈေးနှုန်းများကွာခြားမှု အပြောင်းအလဲမြင့်မားပြီး အမျိုးမျိုးကွဲပြားနေပါတယ်။ ညှိနှိုင်းသတ်မှတ်ရန် မလွယ်ကူဘဲ ခက်ခဲသော အခြေအနေတွင် ရှိပါတယ်။ စိုက်ပျိုးသီးနှံများမှာ ဒေသအဝန်း၏ပေါက်ဈေး၊ ပြည်တွင်းနှင့် နိုင်ငံတကာ ဈေးကွက်များနှင့်ဆက်နွှယ်၍ တစ်ခုတည်းစုစည်းပြီး ဈေးကွက်သတ်မှတ်ဈေးနှုန်းဖြင့် ညှိနှိုင်း ဆောင်ရွက်နိုင်ပြီး အခွန်ငွေစံထားတွက်ချက်ရန် ပိုမိုလွယ်ကူမည်ဟု ယူဆရပါတယ်။ မြေခွန်တော် ကောက်ခံရာမှာ ကြေးတိုင်နှင့်မြေစာရင်းဌာန ယခု မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှ အခွန်ပြေစာသတ်မှတ်ပြီးတော့ မြေခွန်သတ်မှတ်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ သက်ဆိုင်ရာရပ်ကွက်ကျေးရွာ စာရေးဝန်ထမ်းများမှ အခွန်ဝန်အဖြစ် ဥပဒေအရ ကောက်ယူသွားခြင်း ဖြစ်ပါတယ်။ ကျေးရွာအုပ်စုအတွင်း ကောက်ခံရမယ့်မြေခွန်ငွေမှာ သွားလာကောက်ခံရမယ့်အချိန်၊ လုပ်ငန်းဖော်ဆောင်မှုအခက်အခဲ၊ ငွေကြေးအတိုင်းအတာများနဲ့မမျှဟု တွက်ချက်ပြီး ၎င်းတို့က ၎င်းတို့ကိုယ်တိုင် အခွန်ကောက်ခံခြင်းမရှိဘဲ အားလုံးစိုက်ထုတ်ပေးဆောင်ကြသည်များလည်း ရှိပါ တယ်။ မြေခွန်ထမ်းဆောင်ခြင်းရဲ့ ရည်ရွယ်ချက်များ၊ ထိုဥပဒေ၏ သက်ရောက်မှုနှင့် အခွန်ထမ်း ပြည်သူ၏ ပါဝင်ပတ်သက်မှုများပျောက်ကွယ်ပြီး ဥပဒေတန်ဖိုးနှင့် လေးနက်မှုများ မဖွယ်မရာဆုံးရှုံး ခြင်းများ အခွန်ထမ်းပြေစာများလည်း စနစ်တကျထိန်းသိမ်းထားရှိခြင်းများနှင့် အကျိုးသက်ရောက်မှု

**မူကြမ်း**

များ ပျက်ပြယ်သွားတာကို တွေ့ရပါတယ်။ အခွန်ပြေစာတစ်ရွက်၏ တန်ဖိုးဟာ အခွန်တန်ဖိုးထက်ပင် မြင့်နေခြင်းကြောင့် ဒီကဲ့သို့ ဖြစ်ပွားလာရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးမြေများနှင့် တည်ဆောက်ထားတဲ့နိုင်ငံဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးတစ်ခုတည်းတွင် လယ်၊ ယာ၊ ကိုင်း၊ ကျွန်း စိုက်ပျိုးမြေ ဧကပေါင်း ၅၂ သိန်းကျော်ရှိပါတယ်။ အခွန်ငွေဆိုသည်မှာ နိုင်ငံတော်အတွက် အရေးကြီးသောလိုအပ်ချက်ဖြစ်ပါတယ်။ နိုင်ငံတော်ဆိုသည်မှာ ပြည်သူတို့ဖြစ်ပါတယ်။ ပြည်သူပေးသွင်းတဲ့ အခွန်ငွေဟာ ပြည်သူ့အတွက်ဖြစ်ပါတယ်။ ဒါကြောင့် အဆိုရှင်တင်ပြတဲ့ ပြောင်းလဲချိန်တန်ပြီဖြစ်တဲ့ နိုင်ငံတော်ရဲ့တောင်သူလယ်သမားများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော မြေခွန်၊ ရေခွန်၊ တာတမံခွန်များကို ပြင်ဆင်သတ်မှတ်ကောက်ခံသွားရန်အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃) အရ လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးသိန်းထွန်း တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးသိန်းထွန်း သာပေါင်း မဲဆန္ဒနယ်က တင်သွင်းသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း လွန်ခဲ့သော နှစ် ၈၀ ကျော်ကပင် ပြင်ဆင်သတ်မှတ်ခြင်းမပြုဘဲ စည်းကြပ်ကောက်ခံလျက်ရှိသော မြေခွန်နှုန်းထားများအပြင် ရေခွန်၊ တာတမံခွန်များကိုလည်း ဈေးကွက်စီးပွားရေးနှင့်အညီ ပြောင်းလဲချိန်တန်ပြီဖြစ်၍ နိုင်ငံတော်ရှိ တောင်သူလယ်သမားများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော အခွန်နှုန်းထားများကို ပြင်ဆင်သတ်မှတ် စည်းကြပ်ကောက်ခံရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးသိန်းထွန်း၊ သာပေါင်းမဲဆန္ဒနယ်က တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၃၁-၁-၂၀၁၇ ရက်(အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်း နိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ၁၉-၁၂-၂၀၁၆ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီရဲ့ အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုနိုင်ပါရန်အတွက် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ ဖတ်ကြားအစီရင်ခံတင်သွင်း

သွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်
ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၀၆
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ရက်

သို့

ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည်ညွှန်းချက်။ အမျိုးသားလွှတ်တော်၏ ၁၉-၁၂-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၁/အမ (ကော်မတီ - ၁) ၁/၂၀၁၆- ၄၀၆

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းလာသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၆-၁၂-၂၀၁၆ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပါသည်။ အမျိုးသားလွှတ်တော်သည် ၁၉-၁၂-၂၀၁၆ ရက်နေ့ အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများကို အစိုးရသက်တမ်းနှင့်အညီ အမြဲတမ်းဖွဲ့စည်းထားရန် မလိုအပ်ဘဲ ရွေးကောက်ပွဲတစ်ခုခု ကျင်းပရန် လိုအပ်မှသာ ဖွဲ့စည်းသင့်ပြီး၊ ယင်းသို့ ဖွဲ့စည်းသည့်အခါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ အမှန်တကယ်လုပ်ကိုင်ရသော လုပ်ငန်းနှင့် နိုင်ငံတော်က ကျခံရသော ဘဏ္ဍာငွေတို့ကို အချိုးညီမှန်ကန်မျှတစေရန်အတွက် ရည်ရွယ်၍ ပြည်ထောင်စုရွေးကောက်ပွဲ

ကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ရေးဆွဲတင်ပြလာခြင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၂-၁၂-၂၀၁၆ ရက်နေ့နှင့် ၂၃-၁-၂၀၁၇ ရက်နေ့တို့တွင် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ (၁၂)ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်း၌ အပိုဒ်ပေါင်း (၄) ပိုဒ် ပါရှိပြီး အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုပေးပို့သော ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၃) ပိုဒ် ပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အချက်(၄)ချက်ကို သဘောတူလက်ခံပါသည်။

(ဂ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**

**၁၃၇၈ ခုနှစ်၊ လ ရက်**

**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

(ဃ) အပိုဒ် ၃ ရှိ ပုဒ်မ ၂၁ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၁။(ခ) ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင် အဖွဲ့ခွဲဝင်များနှင့်ပတ်သက်၍ ရွေးကောက်ပွဲကျင်းပရသည့် မဲဆန္ဒနယ်မြေများ အတွက် ချီးမြှင့်ငွေနှင့် စရိတ်များကို ရရှိခံစားနိုင်ရန် ပြည်ထောင်စုအစိုးရ အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

**မူကြမ်း**

၄။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁-၂-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၁း၃၀ နာရီ အချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ (၃၀.၁.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



ဒေါ်သန္တာ
(အိမ်မဲ မဲဆန္ဒနယ်)



ဦးသိန်းထွန်း
(ကျောင်းကုန်း မဲဆန္ဒနယ်)



ဦးကျော်အောင်လွင်
(စေတုတ္တရာ မဲဆန္ဒနယ်)



ဦးခင်မောင်မြင့်
(ရပ်စောင့် မဲဆန္ဒနယ်)



ဒေါက်တာလင်းလင်းကျော်
(မြစ်သား မဲဆန္ဒနယ်)



ဦးဌေးမင်းသိန်း
(ကြို့ပင်ကောက် မဲဆန္ဒနယ်)



ဦးလှကျော် (ဒုတိယဝန်ကြီး)
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်